# မြန်မာနိုင်ငံ အစုစပ်လုပ်ငန်းဥပဒေ

# ဥပဒေ မူကြမ်း

# မြန်မာနိုင်ငံ အစုစပ်လုပ်ငန်းဥပဒေ (မူကြမ်း)


| | | |
|---|---|---|
| အခန်း (၁) | အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်များ | ၁ |
| အခန်း (၂) | အစုစပ်လုပ်ငန်းသဘာဝ | ၂ |
| အခန်း (၃) | အစုဝင်များ တစ်ဦးနှင့် တစ်ဦးဆက်ဆံလုပ်ကိုင်ခြင်း | ၃ |
| အခန်း (၄) | အစုဝင်များနှင့် အခြားသူတို့ဆက်ဆံလုပ်ကိုင်ခြင်း | ၅ |
| အခန်း (၅) | အသစ်ဝင်လာသည့် အစုဝင်များနှင့် နှုတ်ထွက်သွားသည့် အစုဝင်များ | ၈ |
| အခန်း (၆) | အစုစပ်လုပ်ငန်း ဖျက်သိမ်းခြင်း | ၁၀ |
| အခန်း (၇) | အစုစပ်လုပ်ငန်းများ မှတ်ပုံတင်ခြင်း | ၁၄ |
| အခန်း (၈) | အများပြည်သူသိရှိစေရန် နို့တစ်စာချအပ်ခြင်း နည်းလမ်း | ၁၈ |
| အခန်း (၉) | အထွေထွေ | ၁၉ |

# အစုစပ်လုပ်ငန်းဥပဒေ (မူကြမ်း)

## အခန်း (၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို မြန်မာနိုင်ငံအစုစပ်လုပ်ငန်းဥပဒေဟုခေါ် တွင်စေရ မည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့် ကြော်ငြာစာဖြင့် သတ်မှတ် သည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက် ရောက် စေရမည်-

(၁)**"မှတ်ပုံတင်အရာရှိ"** ဆိုသည်မှာ ဤဥပဒေအရ အစုစပ် လုပ်ငန်း_များအား မှတ်ပုံတင် ဆောင်ရွက်ခြင်း တာဝန်ကို ထမ်းဆောင်ရန်နှင့် ဤဥပဒေ သို့မဟုတ် အခြား သက်ဆိုင်သော ဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင် အရာရှိသို့ အပ်နှင်းထားသည့် အခြား လုပ်ပိုင်ခွင့်များ ကို ကျင့်သုံးရန်နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အတွက် သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီး ဌာနညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အဆိုပါဌာန၏ တိုင်းဒေသကြီး နှင့် ပြည်နယ်ဦးစီးမှူး တစ်ဦးဦးကို ဆိုသည်။

(၂)**"ပြည်ထောင်စုဝန်ကြီး"** ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲမှုများ ပြုလုပ်ရန်နှင့် မှတ်ပုံတင်အရာရှိကို ကြီး ကြပ်ရန် တာဝန်ရှိသည့် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ပြည်ထောင်စု ဝန်ကြီး အဆင့်ရှိသူ အခြား ပုဂ္ဂိုလ် တစ်ဦးဦးကို ဆိုသည်။

(၃)**"ဝန်ကြီးဌာန"** ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲမှုများ ပြုလုပ် ရန်နှင့် မှတ်ပုံတင်အရာရှိကို ကြီးကြပ်သည့် သို့မဟုတ် ဆောင်ရွက် သည့် ပြည်ထောင်စု ဝန်ကြီးဌာန သို့မဟုတ် ယင်းကို ဆက်ခံသည့် အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းကို ဆိုသည်။

၄။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေ့နောက်စကားတို့ ၏ အဓိပ္ပာယ်နှင့် ဖြစ်စေ မဆန့်ကျင်လျှင်-

(က) အစုစပ်လုပ်ငန်း၏ ဆောင်ရွက်ချက် ဆိုသည်မှာ အစုစပ် လုပ်ငန်းက ဖြစ်စေ၊ အစုစပ်လုပ်ငန်း အပေါ်တွင်ဖြစ်စေ အတည်ပြု နိုင်သော အခွင့် အရေးတစ်ရပ် ဖြစ်ပေါ်စေသည့် အစုဝင်အားလုံး က သို့မဟုတ် အစုစပ် လုပ်ငန်း၏ အစုဝင် တစ်ဦးဦးက သို့မဟုတ် ယင်း၏ ကိုယ်စားလှယ် တစ်ဦးဦးက ပြုလုပ်သည့် ပြုလုပ်မှု တစ်ခုခု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကို ဆိုလိုသည်၊

( ခ ) လုပ်ငန်း ဆိုရာတွင် ကုန်သွယ်မှု၊ အလုပ်အကိုင်နှင့် အတတ် ပညာဖြင့် အသက်မွေးမှု အသီးသီး ပါဝင်သည်၊

( ဂ ) ပြဋ္ဌာန်းသည် ဆိုသည်မှာ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည်ကို ဆိုလိုသည်၊

(ဃ) အစုစပ်လုပ်ငန်း သို့မဟုတ် အစုစပ် လုပ်ငန်းတွင် ပါဝင်သည့် အစုဝင်တစ်ဦးဦးနှင့် စပ်လျဉ်း၍ အသုံးပြုသော အခြားသူ ဆိုသည် မှာ ယင်းအစုစပ် လုပ်ငန်းတွင် မပါဝင်သူ တစ်ဦးဦးကို ဆိုလိုသည်၊

(င) ဤအက်ဥပဒေတွင် အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း မပြုဘဲ အသုံးပြုထားသော စကားရပ်များသည် ပဋိညာဉ် အက်ဥပဒေတွင်အဓိပ္ပာယ် ဖွင့်ဆိုထား သည့်အတိုင်း အဓိပ္ပာယ်ကောက်ယူရမည်။

## အခန်း (၂)

အစုစပ်လုပ်ငန်းသဘာဝ

၅။ အစုစပ် လုပ်ကိုင်ခြင်း ဆိုသည်မှာ လူအားလုံးက ဖြစ်စေ၊ ယင်းတို့ အနက် မှတစ်ဦးဦးကအားလုံးအတွက် ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်း မှရရှိသည့်အမြတ်ငွေများကို ခွဲဝေယူရန် သဘောတူသူ တို့တစ်ဦး နှင့် တစ်ဦး ဆက်ဆံ လုပ်ကိုင်ခြင်းကို ဆိုသည်။ အစုစပ် လုပ်ကိုင်ခြင်းတွင် ပါဝင်သူ တို့ကို တစ်ဦးချင်းအား ဖြင့် အစုစပ်ဝင်များဟု ခေါ်ပြီး ယင်းတို့အား စုပေါင်း၍ အစုစပ် လုပ်ငန်းဟု ခေါ်သည့်အပြင် ယင်းတို့ဆောင်ရွက်သည့် လုပ်ငန်းအမည် ကို အစုစပ်လုပ်ငန်းအမည် ဟု ခေါ်သည်။

၆။ အစုစပ် လုပ်ကိုင်ခြင်း ဆိုင်ရာ ဆက်ဆံ လုပ်ကိုင်ခြင်းသည် ပဋိညာဉ်အရ ဖြစ်ပေါ်လာခြင်း ဖြစ်ပြီး အခြေအနေမှဖြစ်ပေါ်လာခြင်း မဟုတ်။ ထို့ပြင်အထူးအားဖြင့်မိသားစုလုပ်ငန်းတစ်ခုခုကိုယင်းမိသားစု တွင် ပါဝင် သူများ အဖြစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ပစ္စည်း မခွဲဝေရ သေးသောဟိန္ဒူမိသားစုတွင်ပါဝင်သူများသို့မဟုတ် လင်မယား အဖြစ်ဖြင့် လုပ်ကိုင် ဆောင်ရွက် လျက်ရှိသည့် မြန်မာ ဗုဒ္ဓဘာသာဝင် လင်မယား သည် အဆိုပါ လုပ်ငန်းတွင် အစုဝင်များမဟုတ်။

၇။ လူတစ်စုလုပ်သော လုပ်ငန်းသည် အစုစပ်လုပ်ငန်း ဟုတ်မဟုတ်သော် လည်းကောင်း၊ တစ်ဦးတစ်ယောက်သော သူသည် အစုစပ်လုပ်ငန်း တွင်အစုဝင် ဟုတ်မဟုတ်သော်လည်းကောင်း ဆုံးဖြတ်ရာတွင်ပေါ် ပေါက် နေသော သက်ဆိုင် ရာအချက်အလက် အားလုံးကို စုပေါင်း ဆင်ခြင် သုံးသပ်ပြီးနောက် တစ်ဦးနှင့်တစ်ဦး အမှန်ဆက်ဆံပုံ ကို အထောက်အထား ပြုရမည်။

ရှင်းလင်းချက် ၁။ ပစ္စည်းတွင် တွဲဖက်၍ သို့မဟုတ် စုပေါင်း၍ အကျိုး သက်ဆိုင်ခွင့် ရှိသူများက ယင်းပစ္စည်းမှ ရရှိသည့် အမြတ်ငွေများကို ဖြစ်စေ၊ စုစုပေါင်း တိုးပွားသော ငွေကိုဖြစ်စေ ခွဲဝေယူရုံမျှနှင့် ယင်းတို့အား အစုဝင်များ ဖြစ်စေသည် မဟုတ်။

ရှင်းလင်းချက် ၂။တစ်ဦးဦးသည် လုပ်ငန်းတစ်ခုခုမှ ရရှိသည့် အမြတ် အစွန်းများ အနက် ဝေစုတစ်စု သို့မဟုတ် အမြတ် အနည်းအများ ကိုလိုက်၍ အမြတ်ငွေတစ်စု ရရှိရုံမျှဖြင့် အစုဝင် တစ်ဦး ဖြစ်စေလိမ့်မည် မဟုတ်။ထို့ပြင် အထူးအားဖြင့် အဆိုပါဝေစု သို့မဟုတ် ငွေကို-

(က) လုပ်ငန်းတစ်ခုခုတွင် လုပ်ကိုင် ဆောင်ရွက်လျက်ရှိသူ သို့မဟုတ် လုပ်ကိုင်မည့်ဆဲဆဲရှိသူအား ငွေချေးသူ တစ်ဦးဦးက ဖြစ်စေ၊

(ခ) အခကြေးငွေဖြင့် လုပ်ကိုင်သူ သို့မဟုတ် ကိုယ်စားလှယ် တစ်ဦးဦးက ဖြစ်စေ၊

(ဂ) နှစ်စဉ်ကြေးဖြင့် လုပ်ကိုင်သည့် ကွယ်လွန်သူ အစုဝင် တစ်ဦး၏ မုဆိုးမ သို့မဟုတ် ကလေးက ဖြစ်စေ၊

(ဃ) အစုစပ်လုပ်ငန်းဆိုင်ရာ နာမည်ကောင်း သို့မဟုတ် လုပ်ငန်း၏ ဝေစု ရောင်းချ ခြင်းအတွက် အဖိုးစားနား အဖြစ်ဖြင့် အဆိုပါ လုပ်ငန်းကို ယခင်က ပိုင်ဆိုင်သူသို့မဟုတ် အချို့အဝက် ပိုင်ဆိုင်သူက ဖြစ်စေ ရရှိခြင်းသည် ထိုသို့ရရှိရုံမျှနှင့် အဆိုပါ ရရှိသူမှာ ယင်းလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်သူများနှင့် အစုဝင် တစ်ဦးဦးဖြစ်စေလိမ့်မည် မဟုတ်။

၈။ အစုဝင်များသည် အစုစပ် လုပ်ကိုင်သည့် ကာလ အပိုင်းအခြားအတွက် သော်လည်းကောင်း၊ အစုစပ် လုပ်ကိုင်ခြင်းကို ရပ်စဲစေရန်အတွက် သော် လည်းကောင်းအစုဝင် အချင်းချင်း ပြုလုပ်သည့် ပဋိညာဉ်အရ စည်းကမ်း ချက်များ ပြုလုပ်မထားလျှင် ယင်းအစုစပ်လုပ်ငန်းသည် အလိုရှိသမျှသာ လုပ်ကိုင်ရန် တည်ထောင်သော အစုစပ်လုပ်ငန်း ဖြစ်သည်။

၉။ လူတစ်ဦးသည်အခြားလူတစ်ဦးနှင့် အထူး စွန့်စားလုပ်ကိုင်မှု သို့မဟုတ် လုပ်ငန်းလုပ်ကိုင်မှုများတွင်အစုဝင်တစ်ဦး ဖြစ်လာနိုင်သည်။

အခန်း (၃)

အစုဝင်များ တစ်ဦးနှင့် တစ်ဦးဆက်ဆံလုပ်ကိုင်ခြင်း

၁၀။ အစုဝင်များသည် အစုစပ်လုပ်ငန်း၏ အကျိုးအများဆုံး ဖြစ်ထွန်းနိုင် စေရန် ဆောင်ရွက်၍ တစ်ဦးနှင့်တစ်ဦး ဖြောင့်မတ်တည်ကြည်စွာ ဆက်ဆံရမည့်အပြင် မှန်ကန်သော စာရင်းများနှင့် အစုစပ်လုပ်ငန်း နှင့် စပ်လျဉ်းသော သတင်းအကြောင်းအရာ အပြည့်အစုံကို အစုဝင်များကို သော်လည်းကောင်း၊ ယင်းတို့၏ တရားဝင် ကိုယ်စား လှယ်များ ကို သော်လည်းကောင်း အသိပေးရန် တာဝန်ရှိသည်။

၁၁။ အစုဝင်တိုင်းသည် အစုစပ်လုပ်ငန်း၏ အလုပ်ကိစ္စကို ဆောင်ရွက်ရာတွင် ယင်း၏လိမ်လည်မှုကြောင့် အစုစပ် လုပ်ငန်း ဆုံးရှုံး နစ်နာခြင်းအတွက်အဆိုပါ အစုစပ်လုပ်ငန်းကို လျော်ကြေးပေးရမည်။

၁၂။ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အစုဝင် အချင်းချင်း ရသင့် ရထိုက်သည့် အခွင့်အရေးများနှင့် ပြုလုပ်ရမည့် တာဝန်များကို အစုဝင်အချင်းချင်း ချုပ်ဆိုသည့် ပဋိညာဉ်ဖြင့် သတ်မှတ် နိုင်သည့်အပြင် အဆိုပါပဋိညာဉ်တွင် အတိအလင်း ဖြစ်စေ၊ ဆောင်ရွက် ချက် အစီအစဉ်တစ်ရပ်အရ သဘောသက်ရောက်အောင် ပြုခြင်းဖြင့် ဖြစ်စေ ဖြစ်စေနိုင်သည်။ အဆိုပါ ပဋိညာဉ်ကို အစုဝင် အားလုံး၏ သဘော တူညီချက်ဖြင့် ပြောင်းလဲ ပြင်ဆင်နိုင်သည့်အပြင် အဆိုပါ သဘောတူ ညီချက်မှာ အတိအလင်းဖြစ်စေ၊ ဆောင်ရွက်ချက် အစီအစဉ် တစ်ရပ် အရ သဘောသက်ရောက်အောင် ပြုခြင်းဖြင့် ဖြစ်စေ ဖြစ်နိုင်သည်။

၁၃။ အစုဝင်များအချင်းချင်းချုပ်ဆိုသည့်ပဋိညာဉ်ကိုအထောက်အထားပြု၍-

(က) အစုဝင်တိုင်းသည် လုပ်ငန်းဆောင်ရွက်ရာတွင် ပါဝင်လုပ်ကိုင် ဆောင် ရွက်ခွင့်ရှိသည်၊

(ခ) အစုဝင်တိုင်းသည်လုပ်ငန်း ဆောင်ရွက်ရာတွင် ယင်း၏ တာဝန်များ ကို လုံ့လဝီရိယဖြင့် လုပ်ကိုင် ဆောင်ရွက်ရန် တာဝန် ရှိသည်၊

(ဂ) လုပ်ငန်းနှင့် သက်ဆိုင်သည့် သာမန်ကိစ္စများနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသည့် သဘောကွဲလွဲချက်ကိုအစုဝင် အများစု ၏ သဘော ဆန္ဒဖြင့် ဆုံးဖြတ်နိုင်သည့်အပြင် အစုဝင်တိုင်းသည် အဆိုပါကိစ္စကို မဆုံးဖြတ်မီ ယင်း၏ ထင်မြင်ချက်ကို ထုတ်ဖော် ပြောဆိုခွင့် ရှိရမည်။ သို့ရာတွင် အစုဝင် အားလုံး၏ သဘောတူညီချက် မရှိဘဲ လုပ်ငန်း အမျိုးအစား ပြောင်းလဲခြင်း မပြုလုပ်ရ၊ ထို့ပြင်

(ဃ)အစုဝင်တိုင်းသည် အစုစပ်လုပ်ငန်း၏ မည်သည့် စာအုပ်များကို မဆို ကြည့်ရှုစစ်ဆေးနိုင်သည့် အပြင်ကူး ယူနိုင်ခွင့်လည်း ရှိသည်။

၁၄။ အစုဝင်အချင်းချင်း ပြုလုပ်သည့်ပဋိညာဉ်ကို အထောက် အထားပြု၍-

(က)အစုဝင်တစ်ဦးသည်လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရာတွင်ပါဝင်လုပ် ကိုင်ဆောင်ရွက်သည့်အတွက် အခကြေးငွေကို ရထိုက်ခွင့် မရှိစေရ၊

(ခ) အစုဝင်များသည် အစုစပ်လုပ်ငန်းမှ ရရှိသည့် အမြတ် အစွန်း များကို ညီတူညီမျှ ခွဲဝေရထိုက်ခွင့်ရှိရမည့်အပြင် အစုစပ်လုပ်ငန်း ၏ ဆုံးရှုံး နစ်နာခြင်း များကိုလည်း ညီတူညီမျှ ကျခံရမည်၊

(ဂ)အစုဝင်တစ်ဦးသည်မိမိပေးသွင်းသည့်မတည်ငွေရင်းအပေါ်တွင်အတိုး ရ ထိုက်ခွင့်ရှိလျှင် ယင်းအတိုးကို အမြတ် အစွန်းများမှသာ ပေးရမည်၊

(ဃ)အစုဝင်တစ်ဦးသည် လုပ်ငန်းကိစ္စများအတွက် မိမိပေးသွင်းရန် သဘောတူ သည့် မတည် ငွေရင်းထက် ပို၍ ငွေတစ်စုံတစ်ရာ သို့မဟုတ် ကြိုတင် ပေးငွေ တစ်စုံတစ်ရာကို ထုတ်ပေးလျှင် အဆိုပါ ငွေအပေါ်တွင် တစ်နှစ်လျှင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် သတ်မှတ် ဘဏ်တိုးနှုန်းအတိုင်း အတိုး ကိုလည်း ရထိုက်ခွင့် ရှိသည်၊

(င) အစုစပ်လုပ်ငန်းသည် အစုဝင်တစ်ဦးက-

(၁) လုပ်ငန်းလုပ်ကိုင်မြဲအတိုင်းနည်းလမ်းတကျ လုပ်ကိုင်ဆောင် ရွက်ရာတွင်လည်းကောင်း၊

(၂) အရေးပေါ် ဖြစ်ပေါ်သည့်အခါ၌ အစုစပ်လုပ်ငန်း ဆုံးရှုံး နစ်နာ ခြင်းမှကာကွယ်ရန်အလို့ငှာ သာမန် သတိပညာရှိသူ တစ်ဦးဦး ကကိုယ်ရေး ကြုံသည့်အခါ အလားတူ အခြေ အနေများ ဖြစ်ပွား ပေါ်ပေါက်ရာ၌ ပြုလုပ်မည့်အတိုင်း ပြုလုပ်ရာတွင် လည်း ကောင်း ထိုသူပေးရသည့် ငွေများနှင့် ခံယူသည့် တာဝန်များ အတွက် ယင်းအား လျော်ကြေး ပေးရမည်၊ ထို့ပြင်

(စ) အစုဝင် တစ်ဦးသည် အစုစပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက် ရာတွင် ယင်း၏ တမင် ပေါ့လျော့ခြင်းကြောင့် ဖြစ်ပေါ်စေသည့် အစုစပ် လုပ်ငန်း၏ဆုံးရှုံး နစ်နာခြင်းအတွက် အစုစပ် လုပ်ငန်းကို လျော်ကြေး ပေးရမည်။

၁၅။ အစုဝင်အချင်းချင်း ပြုလုပ်သည့် ပဋိညာဉ်ကို အထောက် အထားပြု၍ အစုစပ်လုပ်ငန်း၏ ပစ္စည်းများတွင်အစုစပ် လုပ်ငန်း၏ ပစ္စည်းများ အဖြစ် မူလယူဆောင် လာသည့် သို့မဟုတ် ဝယ်ယူခြင်းဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ အစုစပ် လုပ်ငန်းက သော်လည်း ကောင်း၊ ယင်းလုပ်ငန်းအတွက် သော်လည်းကောင်း၊ ယင်းလုပ်ငန်း ကိစ္စအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် သော်လည်းကောင်း ရရှိသည့် ပစ္စည်း အားလုံးနှင့် ယင်းနှင့် စပ်လျဉ်းသည့် အခွင့်အရေးများ၊ အကျိုး သက်ဆိုင်ခွင့်များ ပါဝင်သည့်အပြင် အစုစပ်လုပ်ငန်း ဆိုင်ရာ နာမည် ကောင်းလည်း ပါဝင်သည်။ ဆန့်ကျင် ကွဲလွဲသည့် ရည်ရွယ်ချက် မပေါ်ပေါက်လျှင်အစုစပ်လုပ်ငန်း ပိုင်ငွေဖြင့် ရရှိသည့် ပစ္စည်း များ၊ ယင်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးများနှင့်အကျိုးသက် ဆိုင်ခွင့်များသည် အစုစပ်လုပ်ငန်း အတွက် ရရှိသည်ဟု မှတ်ယူရမည်။

၁၆။ အစုဝင်များ အချင်းချင်း ပြုလုပ်သည့် ပဋိညာဉ်ကို အထောက် အထားပြု၍ အစုစပ်လုပ်ငန်းပိုင် ပစ္စည်းကို လုပ်ငန်း ကိစ္စများ အတွက်သာ အစုဝင်များက လက်ဝယ်ထား၍ အသုံးပြု ရမည်။

၁၇။ အစုဝင်များ အချင်းချင်း ချုပ်ဆိုသည့် ပဋိညာဉ်ကို အထောက် အထား ပြု၍အစုဝင်တစ်ဦးသည် အစုစပ်လုပ်ငန်း၏ဆောင်ရွက်ချက် တစ်ရပ် ရပ်မှ သော်လည်းကောင်း၊ အစုစပ် လုပ်ငန်းပိုင် ပစ္စည်း သို့မဟုတ် လုပ်ငန်း အဆက်အသွယ် သို့မဟုတ် အစုစပ် လုပ်ငန်း၏အမည်ကို အသုံးပြုခြင်းဖြင့် သော်လည်းကောင်း ယင်းအစုစပ်လုပ်ကိုင်သူအတွက် အမြတ်အစွန်း တစ်စုံတစ်ရာ ရရှိလျှင် အဆိုပါ အမြတ်အစွန်းကို စာရင်းရှင်းပြီး အစုစပ် လုပ်ငန်းသို့ ပေးရမည်။

၁၈။ အစုဝင်များအချင်းချင်းပြုလုပ်သည့်ပဋိညာဉ်ကို အထောက် အထားပြု၍-

(က)အစုစပ်လုပ်ငန်း ဖွဲ့စည်းပုံတွင် ပြောင်းလဲခြင်းရှိသည့် အခါ ပြန်လည် ဖွဲ့စည်းသည့် အစုစပ်လုပ်ငန်းတွင်အစုဝင်အချင်းချင်း တို့၏ရပိုင်ခွင့်များနှင့်တာဝန်များသည် မပြောင်းလဲမီ အချိန်တွင် ရှိနေသည့် ရပိုင်ခွင့်များနှင့် တာဝန်များအတိုင်း ဖြစ်သည်၊

(ခ) သတ်မှတ်ထားသည့်သက်တမ်းကာလအတွက် ဖွဲ့စည်းထားသည့် အစုစပ် လုပ်ငန်းသည် ယင်းသက်တမ်း ကာလ ကုန်ဆုံးပြီး နောက် လုပ်ငန်း ဆက်လက် ဆောင်ရွက်လျှင် အစုဝင်များ အချင်းချင်း၏ ရပိုင်ခွင့်များနှင့် တာဝန်များမှာ စည်းကမ်းချက် များမပါသည့် အစုစပ်လုပ်ငန်းနှင့် သက်ဆိုင်သည့် အကြောင်း အချက် များနှင့် ကိုက်ညီနိုင်သမျှ ကိုက်ညီပြီး အဆိုပါ အစုစပ်လုပ်ငန်း သက်တမ်းကာလ မကုန်ဆုံးမီအချိန်တွင်ရှိသည့် အခွင့်အရေးများ နှင့် တာဝန်များအတိုင်းရှိသည်။ ထို့ပြင်

(ဂ) စွန့်စားလုပ်ကိုင်မှုများသို့မဟုတ်လုပ်ငန်းလုပ်ကိုင်ဆောင် ရွက်မှု များအနက် တစ်ရပ်ကိုဖြစ်စေ၊အများကိုဖြစ်စေ လုပ်ကိုင်ဆောင် ရွက်ရန် ဖွဲ့စည်းထားသည့် အစုစပ်လုပ်ငန်းသည် အခြား စွန့်စား လုပ်ကိုင်မှုများ သို့မဟုတ် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မှုများ ကို လုပ်ကိုင် ဆောင်ရွက် လျှင် အခြားစွန့်စားလုပ်ကိုင်မှုများ သို့မဟုတ် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အစုဝင်များ အချင်းချင်း၏ ရပိုင်ခွင့်များနှင့် တာဝန်များ မှာမူလ စွန့်စား လုပ်ကိုင်မှုများ သို့မဟုတ် လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုများ နှင့်စပ်လျဉ်းသည့် ရပိုင်ခွင့်များ နှင့်တာဝန်များအတိုင်း ဖြစ်သည်။

အခန်း (၄)

အစုဝင်များနှင့် အခြားသူတို့ဆက်ဆံလုပ်ကိုင်ခြင်း

၁၉။ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အစုဝင် တစ်ဦးသည် အစုစပ်လုပ်ငန်း၏ လုပ်ငန်းကိစ္စများ အတွက် အစုစပ် လုပ်ငန်း၏ ကိုယ်စားလှယ် ဖြစ်သည်။

၂၀။ (၁) **ပုဒ်မ ၂၃** ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အစုစပ် လုပ်ငန်းက လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းမျိုးကို အစုဝင် တစ်ဦးက လုပ်ရိုးလုပ်စဉ် နည်းလမ်းအတိုင်း ပြုလုပ်မှုသည် ယင်းအစုစပ် လုပ်ငန်းအပေါ်အတည်ဖြစ်သည်။ဤပုဒ်မအရ အာဏာအပ်နှင်းထားသည့် အစုစပ်လုပ်ငန်းအပေါ် အတည် ဖြစ်စေရန် အစုဝင် တစ်ဦး၏ အာဏာကို လွှဲအပ်ရာရောက်သည့် အာဏာ ဟု ခေါ်သည်။

(၂) ဆန့်ကျင်ကွဲလွဲသည့်ကုန်သွယ်မှု အသုံးအနှုန်းသို့မဟုတ် ထုံးတမ်း မရှိလျှင် အစုဝင်တစ်ဦးအား လွှဲအပ်ရာ ရောက်သည့် အာဏာတွင်-

(က)အစုစပ်လုပ်ငန်း၏ လုပ်ငန်းကိစ္စနှင့် စပ်လျဉ်းသည့်အငြင်းပွားမှု တစ်ခုကို ခုံသမာဓိဖြင့်ဆုံးဖြတ်စေရန် တင်သွင်းခြင်း၊

(ခ)အစုစပ်လုပ်ငန်းကိုယ်စားမိမိ၏အမည်ဖြင့်ဘဏ်ငွေစာရင်းဖွင့်ခြင်း

(ဂ)အစုစပ်လုပ်ငန်း၏ တောင်းဆိုချက် တစ်ခုခုကိုဖြစ်စေ၊ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ပြေငြိမ်းခြင်း သို့မဟုတ် စွန့်လွှတ်ခြင်း

(ဃ)အစုစပ်လုပ်ငန်း၏ကိုယ်စား စွဲဆိုသောတရားမမှု သို့မဟုတ် အမှုအခင်းကို ရုပ်သိမ်းခြင်း၊

( င ) အစုစပ်လုပ်ငန်းအား စွဲဆိုသည့် တရားမမှု သို့မဟုတ် အမှုအခင်း တွင် တာဝန်ရှိကြောင်းကို ဝန်ခံခြင်း၊

( စ ) အစုစပ်လုပ်ငန်း၏ကိုယ်စား မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ရယူခြင်း၊

(ဆ) အစုစပ် လုပ်ငန်းပိုင် မရွှေ့ မပြောင်းနိုင်သော ပစ္စည်းကို လွှဲပြောင်းခြင်း၊ သို့မဟုတ်

( ဇ ) အစုစပ်လုပ်ငန်းကိုယ်စား အစုစပ် လုပ်ကိုင်ခြင်း အာဏာများ မပါဝင်ရ။

၂၁။ အစုစပ်လုပ်ငန်းတစ်ခုတွင် ပါဝင်သော အစုဝင်များသည် ယင်းတို့ အချင်းချင်း ပြုလုပ်သော ပဋိညာဉ်အရလွှဲအပ်ရာ ရောက်သည့် အာဏာကို တိုးချဲ့နိုင်သည် သို့မဟုတ် ကန့်သတ်နိုင်သည်။

အဆိုပါကန့်သတ်ချက်ရှိစေကာမူအစုဝင်တစ်ဦးနှင့် ဆက်ဆံလုပ်ကိုင်သူသည် ယင်းကန့်သတ်ချက် ရှိကြောင်း မသိလျှင် သို့မဟုတ် ထိုအစုဝင် သည် အစုဝင် ဖြစ်ကြောင်း သိလျှင် သို့မဟုတ် ယုံကြည်လျှင် အစုဝင်က ယင်းအား လွှဲအပ်ရာရောက်သည့် အာဏာအတွင်း ကျရောက်သော အစုစပ်လုပ်ငန်း ကိုယ်စား ပြုလုပ်သည့် ပြုလုပ်မှု တစ်ခုခုမှာ အစုစပ် လုပ်ငန်းအပေါ်အတည် ဖြစ်သည်။

၂၂။ အစုဝင်တစ်ဦးသည် အရေးပေါ်ကိစ္စ ဖြစ်ပေါ်လာသည့်အခါ အစုစပ်လုပ်ငန်း ဆုံးရှုံးနစ်နာခြင်းမှ ကာကွယ်ရန် အလို့ငှာ သာမန် အသိဉာဏ် ရှိသူတစ်ဦးက ကိုယ်ရေးကြုံသည့်အခါ အလားတူ အခြေအနေမျိုးတွင် ပြုလုပ်မည့်အတိုင်း ပြုလုပ်ရန် အာဏာရှိသည့် အပြင် အဆိုပါပြုလုပ်မှုများသည် အစုစပ်လုပ်ငန်း အပေါ် အတည်ဖြစ်သည်။

၂၃။ အစုစပ်လုပ်ငန်းအပေါ်တွင် အတည်ဖြစ်စေရန်အလို့ငှာ အစုဝင်တစ်ဦးက ဖြစ်စေ၊ အစုစပ်လုပ်ငန်း အတွက် အခြားသူ တစ်ဦးက ဖြစ်စေ ပြုလုပ်သည့် ပြုလုပ်မှု သို့မဟုတ် ချုပ်ဆိုသည့် စာချုပ်စာတမ်းကို အစုစပ်လုပ်ငန်း အမည်ဖြင့် ဖြစ်စေ၊ အစုစပ်လုပ်ငန်းအပေါ်တွင် အတည်ဖြစ်ရန် ရည်ရွယ် ကြောင်း အတိအလင်းဖော်ပြသည့် သို့မဟုတ် ရည်ရွယ်ကြောင်းသဘော သက်ရောက်သည့် အခြား နည်းလမ်းဖြင့် ဖြစ်စေ ပြုလုပ်ချုပ်ဆိုရမည်။

၂၄။ အစုစပ်လုပ်ငန်း၏ အရေးကိစ္စများနှင့် စပ်လျဉ်း၍ အစုဝင်တစ်ဦး ပြုလုပ်သည့် ဝန်ခံချက် သို့မဟုတ် ဖော်ပြချက်ကို အလုပ်ကိစ္စ လုပ်ရိုးလုပ်စဉ် အတိုင်း လုပ်ကိုင်ရာတွင် ပြုလုပ်ခဲ့လျှင် ယင်းဝန်ခံချက် သို့မဟုတ် ယင်းဖော်ပြချက် သည် အစုစပ်လုပ်ငန်းအပေါ်တွင် သက်သေခံဖြစ်သည်။

၂၅။ အစုစပ် လုပ်ငန်း၏ အရေးကိစ္စနှင့် စပ်လျဉ်းသည့် အကြောင်းအရာ တစ်ခုခုအတွက် လုပ်ငန်း၏အလုပ်ကိစ္စကို အမြဲလုပ်ကိုင် ဆောင်ရွက်လေ့ ရှိသည့် အစုဝင်အပေါ်ချအပ်သည့် နို့တစ်စာသည် ယင်းအစုဝင်က ဖြစ်စေ၊ ယင်း၏ သဘောတူညီချက်ဖြင့်ဖြစ်စေ အစုစပ်လုပ်ငန်း အပေါ်တွင် လိမ်လည် သည့် အချက်မှအပ အစုစပ်လုပ်ငန်း အပေါ် ချအပ်သည့် နို့တစ်စာကဲ့သို့ အတည်ဖြစ် သည်။

၂၆။ အစုဝင်တိုင်းသည် အစုဝင်တစ်ဦး ဖြစ်နေစဉ်အတွင်း အစုစပ်လုပ်ငန်း၏ ပြုလုပ်မှု အားလုံးအတွက် အခြား အစုဝင်များနှင့်တွဲဖက်၍ သော် လည်းကောင်း၊ ကိုယ်စီ ကိုယ်ငှ သော်လည်းကောင်း တာဝန်ရှိသည်။

၂၇။ အစုစပ်လုပ်ငန်း၏ အလုပ်ကိစ္စများကို လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ကိုင် ဆောင်ရွက်ရာတွင် ဖြစ်စေ၊ အစုဝင်များ၏ အာဏာဖြင့် ဖြစ်စေ လုပ်ကိုင် ဆောင်ရွက်သည့် အစုဝင်တစ်ဦး၏ မှားယွင်းသော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် အခြားသူအား ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီး နစ်နာခြင်း ဖြစ်စေလျှင် သို့မဟုတ်ပြစ်ဒဏ် တစ်ခုခု ခံရစေလျှင် အစုစပ်လုပ်ငန်းသည် ယင်းအစုဝင် တာဝန်ရှိသမျှ ယင်းဆုံးရှုံးခြင်း၊ ပျက်စီးနစ်နာခြင်း အတွက် တာဝန်ရှိသည်။

၂၈။(က) အစုဝင် တစ်ဦးသည် ယင်း၏ ထင်ရှားသည့်အာဏာ အတွင်း ဆောင်ရွက် ရာတွင် အခြားသူထံမှ ငွေ ဖြစ်စေ၊ ပစ္စည်း ဖြစ်စေ လက်ခံ၍ အလွဲ အသုံးပြုလျှင် သို့မဟုတ်

(ခ) အလုပ်ကိစ္စကိုပြုလုပ်ဆောင်ရွက်နေစဉ်အတွင်းအစုစပ်လုပ်ငန်း က အခြားသူထံမှ ငွေ ဖြစ်စေ၊ပစ္စည်း ဖြစ်စေ လက်ခံ၍ ယင်း ငွေ သို့မဟုတ် ပစ္စည်းကို အစုစပ်လုပ်ငန်းက ထိန်းသိမ်းထား သည့်အတွင်း အစုဝင် တစ်ဦးက အလွဲအသုံးပြုလျှင် အစုစပ် လုပ်ငန်း ဆုံးရှုံးခြင်းအတွက် လျော်ရန် တာဝန်ရှိသည်။

၂၉။(၁) တစ်ဦးဦးကနှုတ်ဖြင့်သော်လည်းကောင်း၊စာဖြင့်သော်လည်းကောင်း၊ အပြုအမူဖြင့် သော်လည်းကောင်း မိမိကိုယ်ကို အစုစပ်လုပ်ငန်းတွင် အစုဝင်တစ်ဦးအဖြစ် ထင်မှတ်စေလျှင် သို့မဟုတ်သိလျက်နှင့် ထင်မှတ် စေခွင့်ပြုလျှင် ထိုထင်မှတ်စေသူ သို့မဟုတ် ထင်မှတ်စေ ခွင့်ပြုသူက ထိုသို့ ထင်မှတ်စေခြင်းသည် ယင်းအကြောင်းကို ယုံကြည်သည့်အတွက် အစုစပ် လုပ်ငန်းအား အကြွေးပေးသူထံ ရောက်ကြောင်း သိသည် ဖြစ်စေ၊ မသိသည် ဖြစ်စေ ထိုသူမှာ အဆိုပါ အကြွေးပေးသူအပေါ် အစုဝင် တစ်ဦး ကဲ့သို့ တာဝန်ရှိသည်။

(၂) အစုဝင်တစ်ဦး ကွယ်လွန်ပြီးနောက် လုပ်ငန်းကို အစုစပ်လုပ်ငန်း အမည် ဟောင်းဖြင့် ဆက်လက်လုပ်ကိုင်သည့် ကိစ္စတွင် ယင်း အမည်ဟောင်း ကိုဖြစ်စေ၊ ကွယ်လွန်သည့် အစုဝင်၏အမည်ကို ယင်းအစုစပ်လုပ်ငန်း အမည်ဟောင်း၏ အစိတ်အပိုင်းဖြင့် ဖြစ်စေ ဆက်လက်အသုံးပြုခြင်းသည် ယင်းသို့အသုံးပြုရုံမျှဖြင့် ထိုသူ၏

တရားဝင် ကိုယ်စားလှယ်ကို သို့မဟုတ် ထိုသူပိုင် ပစ္စည်းကို ထိုသူကွယ်လွန်ပြီးနောက် ပြုလုပ်သည့် အစုစပ်လုပ်ငန်း၏ ပြုလုပ်မှုအတွက် တာဝန်မရှိစေရ။

၃၀။(၁) အစုဝင် တစ်ဦးက အစုစပ်လုပ်ငန်းတွင် ယင်း၏အကျိုး သက်ဆိုင်ခွင့်ကို အပြီးအပြတ် ဖြစ်စေ၊ ပေါင်နှံခြင်းဖြင့် ဖြစ်စေ၊ ယင်းအကျိုး သက်ဆိုင်ခွင့် အပေါ် ယင်းက တာဝန်ထား၍ ဖြစ်စေ လွှဲပြောင်းခြင်းမှာလွှဲပြောင်းခံရသူအား အစုစပ်လုပ်ငန်း ဆက်လက် တည်ရှိနေသည့် ကာလအတွင်း အလုပ်ကိစ္စ လုပ်ကိုင် ဆောင်ရွက် ရာ၌ ဝင်ရောက် စွက်ဖက်ခွင့်ပြုသည် မဟုတ် သို့မဟုတ် ကြည့်ရှု စစ်ဆေးရန် ဖြစ်စေ ခွင့်ပြုသည် မဟုတ်၊ သို့ရာတွင်အဆိုပါ လွှဲပြောင်းခံရသူ အား လွှဲပြောင်းပေးသည့် အစုဝင်၏ အမြတ်ဝေစု ကို ရထိုက်ခွင့် ရှိသည့်အပြင် လွှဲပြောင်းခံ ရသူသည် အစုဝင်များ သဘောတူသည့် အမြတ်ငွေစာရင်းကို လည်း လက်ခံရမည်။

(၂) အစုစပ်လုပ်ငန်းကို ဖျက်သိမ်းလျှင် ဖြစ်စေ၊ လွှဲပြောင်းပေးသည့် အစုဝင်သည် အစုဝင်အဖြစ်မှရပ်စဲလျှင် ဖြစ်စေ လွှဲပြောင်းခံရသူသည် လွှဲပြောင်းပေးသည့် အစုဝင်ရထိုက်သည့် အစုစပ်လုပ်ငန်း ပိုင်ပစ္စည်းမှ ဝေစုကို ကျန်အစုဝင်များ ကဲ့သို့ ရထိုက်သည့်အပြင် ထိုဝေစုကို အမှန် သိရှိအောင် ပြုလုပ်ရန်ကိစ္စအတွက် ဖျက်သိမ်းသည့်နေ့ရက်မှစ၍စာရင်းတစ်ရပ်ကိုလည်းရထိုက်သည်။

၃၁။(၁) သက်ဆိုင်သည့် တရားဥပဒေအရ အရွယ်မရောက်သေးသူ တစ်ဦး သည် အစုစပ်လုပ်ငန်းတွင် အစုဝင် တစ်ဦး မဖြစ်နိုင် သော်လည်း ရှိဆဲ ဖြစ်သည့် အစုဝင်အားလုံး၏ သဘောတူညီချက်ဖြင့် အစုစပ် လုပ်ငန်း၏ အကျိုးခံစား ခွင့်များကို ခံစားခွင့် ပေးနိုင်သည်။

(၂) အဆိုပါ အရွယ်မရောက်သေးသူသည် အစုစပ်လုပ်ငန်း၏ ပစ္စည်းနှင့် အမြတ်အစွန်းများမှသဘောတူရာ ဝေစုကို ရထိုက်ခွင့် ရှိသည့်အပြင် အစုစပ် လုပ်ငန်း၏ ငွေစာရင်းတစ်ရပ်ရပ်ကိုလည်း ဝင်ရောက် ကြည့်ရှု စစ်ဆေး ကူးယူနိုင်သည်။

(၃) အဆိုပါ အရွယ်မရောက်သေးသူ၏ ဝေစုမှာ အစုစပ် လုပ်ငန်း၏ ပြုလုပ်မှုများအတွက် တာဝန်ရှိ သော်လည်း အရွယ်မရောက် သေးသူသည် ယင်းကိုယ်တိုင် တာဝန်မရှိချေ။

(၄) အဆိုပါ အရွယ်မရောက်သေးသူသည် အစုစပ်လုပ်ငန်းနှင့် အဆက် အသွယ် ဖြတ်သည့်အခါမှအပ ထိုအစုစပ်လုပ်ငန်း၏ ပစ္စည်း သို့မဟုတ်အမြတ်အစွန်းများမှာယင်း၏ဝေစုအတွက် စာရင်းတစ်ရပ် ဖြစ်စေ၊ ငွေကြေးပေးရန် ဖြစ်စေ အစုဝင်တို့အပေါ်တွင် တရားစွဲဆို ခြင်းမပြုနိုင်၊ ထိုသို့ အဆက်အသွယ် ဖြတ်သည့်ကိစ္စတွင် ယင်း၏ ဝေစုအရေအတွက်ကို **ပုဒ်မ ၄၉** တွင် ပါရှိသည့် နည်းဥပဒေများနှင့် လျော်ညီနိုင်သမျှ လျော်ညီစွာ တန်ဖိုးဖြတ်၍ သတ်မှတ်ရမည်။ သို့ရာတွင် အစုဝင် အားလုံးတို့က အတူတကွ ဆောင်ရွက်၍ ဖြစ်စေ၊ အခြားအစုဝင်များကို နို့တစ်စာ ပေး၍ အစုစပ်လုပ်ငန်း ဖျက်သိမ်း ပိုင်ခွင့်ရသည့် အစုဝင် တစ်ဦးက ဖြစ်စေ၊ အားလုံးက ဖြစ်စေ အဆိုပါ တရားမမှုတွင် အစုစပ် လုပ်ငန်းကို ဖျက်သိမ်းလိုက ဖျက်သိမ်းခွင့်ရှိသည်။ ထိုသို့ ဖျက်သိမ်းလို သည့်အခါ တရားရုံးက ဖျက်သိမ်းရန်နှင့်အစုဝင် တစ်ဦးနှင့် တစ်ဦး စာရင်းရှင်းရန် အမှုကဲ့သို့ အမှုကို စစ်ဆေးပြီးလျှင် အရွယ်မရောက် သေးသူ၏ ဝေစုပါ ငွေပေါင်းကို အခြားအစုဝင်များ၏ ဝေစုပါ ငွေပေါင်းနှင့်အတူ သတ်မှတ်ရမည်။

(၅) အရွယ်မရောက်သေးသူသည် ယင်း အရွယ်ရောက်သည့် နေ့ရက် သို့မဟုတ် ယင်းအား အစုစပ်လုပ်ငန်း၏ အကျိုးခံစားခွင့်များ ကိုခံစားခွင့်ပြုကြောင်း သိရှိသည့် နေ့ရက်၊ ယင်းနေ့ရက်များအနက် နောက်ကျရာ နေ့ရက်မှ ခြောက်လ အတွင်း မည်သည့်အခါ၌မဆို အစုစပ် လုပ်ငန်းတွင် အစုစပ် လုပ်ကိုင်သူတစ်ဦး ဖြစ်လာရန် ရွေးချယ်ကြောင်း သို့မဟုတ် မရွေး ချယ်ကြောင်းကို အများသိစေရန် ကြေညာနိုင်သည်။ ထိုသို့ ကြေညာခြင်း က အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်း၍ထိုသူ၏ အခြေအနေကို ဆုံးဖြတ်ရ မည်။ သို့ရာတွင် ယင်းသို့ ကြေညာရန် ပျက်ကွက်လျှင် ထိုသူသည် အဆိုပါ ခြောက်လ ကုန်ဆုံးသည့်အခါ အစုစပ်လုပ်ငန်းတွင် အစုစပ် လုပ်ကိုင်သူ တစ်ဦး ဖြစ်ရမည်။

(၆) တစ်ဦးဦးအား အရွယ်မရောက်သေးသူ အဖြစ် အစုစပ်လုပ်ငန်းတွင် အစုစပ် လုပ်ကိုင်ခြင်း၏ အကျိုးခံစားခွင့်များကို ခံစားခွင့်ပြု သည့်ကိစ္စတွင် ထိုသူ အရွယ်ရောက်သည်မှ ခြောက်လ ကုန်ဆုံးပြီး နောက် သီးခြားနေ့ တစ်ရက် အထိ ယင်းသို့ခံစားခွင့် ပြုကြောင်း၊ ယင်း မသိရ ဟု ဆိုသော အချက်ကို ထင်ရှားပြသရန် တာဝန်မှာ ထိုအကြောင်းခြင်းရာ မှန်ကြောင်း ပြောဆိုသူ၏ အပေါ်တွင် ကျရောက်ရမည်။

(၇) ထိုသူ အစုဝင် ဖြစ်လာသည့်ကိစ္စတွင်-

(က) အရွယ်မရောက်သေးသူအဖြစ်ဖြင့် ယင်းတို့၏ အခွင့်အရေး များနှင့် တာဝန်များသည် ယင်းအစုဝင်တစ်ဦး ဖြစ်လာသည့် နေ့ရက်အထိ ဆက်လက် အတည် ဖြစ်သော်လည်း ထိုသူသည် အစုစပ် လုပ်ကိုင် ခြင်း၏ ခံစားခွင့်များ ရရှိသည့် နေ့ရက်မှစ၍ အစုစပ်လုပ်ငန်း၏ ပြုလုပ်မှု အားလုံးအတွက် အခြားသူ တို့အား ကိုယ်တိုင်လည်း တာဝန် ရှိသည်၊ ထို့ပြင်

( ခ ) အစုစပ်လုပ်ငန်း၏ ပစ္စည်းများနှင့် အမြတ်အစွန်းများမှ ယင်း၏ အစုသည် အရွယ်မရောက်သေးသူ အဖြစ်ဖြင့် ယင်းရထိုက်ခွင့် ရှိသည့် ဝေစုပင် ဖြစ်ရမည်။

(၈) ထိုသူ အစုဝင်တစ်ဦး မဖြစ်ရန် ရွေးချယ်သည့်ကိစ္စတွင်-

(က) ထိုသူ၏ အခွင့်အရေးများနှင့် တာဝန်များသည် အများ ကြားသိရန် ကြေညာသည့် ကိစ္စတွင် ကြေညာသည့် နေ့ရက် အထိ ဤပုဒ်မအရ အရွယ်မရောက်သေးသူ၏ အခွင့်အရေးများ နှင့် တာဝန်များအဖြစ် ဆက်လက် အတည်ဖြစ်ရမည်။

( ခ ) ထိုသူ၏ ဝေစုသည် ယင်းသို့ ကြေညာသည့် နေ့ရက် နောက်ပြု လုပ်သည့် အစုစပ်လုပ်ငန်း၏ ပြုလုပ်မှု တစ်ခုခုအတွက် တာဝန် မရှိစေရ၊ ထို့ပြင်

( ဂ ) ထိုသူသည် ပုဒ်မခွဲ (၄) နှင့်အညီ ပစ္စည်းများနှင့် အမြတ်အစွန်းများမှ ယင်း၏ ဝေစုအတွက် အစုဝင်များအပေါ် တရားစွဲ ဆိုပိုင်ခွင့် ရှိရမည်။

(၉) ပုဒ်မခွဲ (၇) နှင့် (၈)ပါ မည်သည့်အချက်ကမျှ **ပုဒ်မ ၂၉** ပါ ပြဋ္ဌာန်းချက် များကို မထိခိုက်စေရ။

အခန်း (၅)

အသစ်ဝင်လာသည့် အစုဝင်များနှင့် နှုတ်ထွက်သွားသည့် အစုဝင်များ

၃၂။ (၁) အစုဝင် အချင်းချင်း ပြုလုပ်သည့် ပဋိညာဉ်နှင့် **ပုဒ်မ ၃၁** ပါ ပြဋ္ဌာန်းချက် များကို အထောက်အထားပြု၍ မည်သူ့ကိုမျှ လက်ရှိ အစုဝင် အားလုံး၏ သဘောတူညီချက် မရှိဘဲ အစုစပ်လုပ်ငန်းတွင် အစုဝင် တစ်ဦးအဖြစ် ပါဝင်ခွင့် မပြုရ။

(၂) **ပုဒ်မ ၃၁** ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အစုစပ် လုပ်ငန်းတွင် အစုဝင်တစ်ဦးအဖြစ် ပါဝင်ခွင့်ရသူ တစ်ဦးသည် ထိုသို့ ပါဝင်ခွင့် ရခြင်းဖြင့် ယင်းအစုဝင်အဖြစ် မပါဝင်မီက ပြုလုပ်သည့် အစုစပ် လုပ်ငန်း၏ ပြုလုပ်မှု တစ်ခုခုအတွက် တာဝန် မရှိစေရ။

၃၃။ (၁) အစုဝင်တစ်ဦးသည်-

(က) အခြားအစုဝင်အားလုံး၏ သဘောတူညီချက်ဖြင့် ဖြစ်စေ၊

( ခ ) အစုဝင်များ၏ အတိအလင်း သဘောတူညီချက် နှင့် အညီ ဖြစ်စေ၊ သို့မဟုတ်

( ဂ ) အလိုရှိသမျှသာ လုပ်ကိုင်ရန် တည်ထောင်သည့် အစုစပ် လုပ်ငန်း တွင် အခြား အစုဝင်အားလုံးအား ယင်း နုတ်ထွက် လိုကြောင်း စာဖြင့် ရေးသားသည့် နို့တစ်စာကို ပေးပို့ခြင်းဖြင့် ဖြစ်စေ နုတ်ထွက်နိုင်သည်။

(၂) နုတ်ထွက်သွားသည့် အစုဝင်၊ အခြားသူနှင့် ပြန်လည် ဖွဲ့စည်းသည့် အစုစပ်လုပ်ငန်းမှ အစုဝင်များနှင့် ပြုလုပ်ထားသည့် သဘောတူ ညီချက် အရ ယင်းမနုတ်ထွက်မီ ပြုလုပ်သည့် အစုစပ်လုပ်ငန်း၏ ပြုလုပ်မှုများ အတွက် အခြားသူက နုတ်ထွက်သွားသည့် အစုဝင် အပေါ် တင်ရှိသည့် တာဝန်များမှ ယင်းအစုဝင်အား ကင်းလွတ်ခွင့် ပြုနိုင်သည့် အပြင်ယင်းသို့ နုတ်ထွက်ကြောင်းကို အခြားသူ သိရှိပြီးပါက အဆိုပါ သဘောတူညီ ချက်သည် ထိုအခြားသူ နှင့် ပြန်လည်ဖွဲ့စည်းသည့် အစုစပ်လုပ်ငန်းတို့၏ လုပ်ငန်းဆက်ဆံမှု တစ်ရပ်ဟု သဘောသက်ရောက်စေရမည်။

(၃) အစုဝင်တစ်ဦးသည် အစုစပ်လုပ်ငန်းမှ မည်သို့ပင်နုတ်ထွက် စေကာမူ ထိုသူ မနုတ်ထွက်မီ ပြုလုပ်ခဲ့သည့် အစုစပ်လုပ်ငန်း၏ ပြုလုပ်မှု ဖြစ်မည့် ထိုသူများအနက် တစ်ဦးဦးက ပြုလုပ်သော ပြုလုပ်မှုတစ်ခုခုအတွက် အခြားသူအား ထိုသူနှင့် အစုဝင်များ သည် အစုဝင်များ အဖြစ်မှ နုတ်ထွက်ကြောင်းအများ ကြားသိရန် ကြေညာခြင်း မပြုသေးသမျှ ကာလ ပတ်လုံး ဆက်လက် တာဝန် ရှိသည်။သို့ရာတွင် နုတ်ထွက်သွားသည့် အစုဝင်သည်ယင်း အစုဝင် တစ်ဦး ဖြစ်ခဲ့ကြောင်း မသိဘဲ အစုစပ်လုပ်ငန်းနှင့် ဆက်ဆံ လုပ်ကိုင်သည့် အခြားသူ အား တာဝန်မရှိစေရ၊

(၄) ပုဒ်မခွဲ (၃) အရ ကြေညာခြင်းများကို နုတ်ထွက်သွားသည့် အစုဝင်က ဖြစ်စေ၊ ပြန်လည်ဖွဲ့စည်းသည့် အစုစပ်လုပ်ငန်းမှ အစုဝင်တစ်ဦးဦးက ဖြစ်စေ ပြုလုပ်နိုင်သည်။

၃၄။(၁) အစုဝင်တို့ အချင်းချင်း ပြုလုပ်သည့် ပဋိညာဉ်အရအပ်နှင်းထား သောအခွင့်အာဏာများကို သဘောရိုးဖြင့် ဆောင်ရွက်သည့် အခါမှ အပ အစုဝင်တို့ အနက်များရာတို့က အစုဝင်တစ်ဦးအား အစုစပ်လုပ်ငန်းမှ ထုတ်ပယ်ခြင်း မပြုနိုင်၊

(၂) **ပုဒ်မ ၃၃** ပုဒ်မခွဲ (၂)၊ (၃) နှင့် (၄) ပါ ပြဋ္ဌာန်းချက်များသည် ထုတ်ပယ် ခံရသည့် အစုဝင်အား နုတ်ထွက်သည့် အစုစပ်ဝင်တစ်ဦး ဖြစ်သကဲ့သို့ သက်ဆိုင်စေရမည်။

၃၅။(၁) အစုစပ်လုပ်ငန်း တစ်ခုမှ အစုဝင်တစ်ဦး လူမွဲအဖြစ် တရားရုံးက စီရင် ဆုံးဖြတ်သည့် ကိစ္စတွင် ယင်းအစုစပ်လုပ်ငန်းကို ဖျက်သိမ်းသည် ဖြစ်စေ၊ မဖျက်သိမ်းသည် ဖြစ်စေ ထိုသူမှာ စီရင်ဆုံးဖြတ်ခြင်းနှင့် စီရင် ဆုံးဖြတ်သည့် အမိန့်ချမှတ် သည့် နေ့ရက်တွင် အစုဝင်အဖြစ်မှ ရပ်စဲသည်၊

(၂) အစုဝင်များ အချင်းချင်း ပြုလုပ်သည့် ပဋိညာဉ်အရ အစုဝင် တစ်ဦး အား လူမွဲအဖြစ် တရားရုံးကစီရင် ဆုံးဖြတ်ခြင်းဖြင့် အစုစပ်လုပ်ငန်း ကို မဖျက်သိမ်းသည့် ကိစ္စတွင် ထိုသို့ စီရင်ဆုံးဖြတ်ခြင်း ခံရသည့် အစုဝင်ပိုင် ပစ္စည်းများသည် စီရင် ဆုံးဖြတ်ချက် အမိန့်ချမှတ်သည့် နေ့ရက်နောက်မှ ပြုလုပ်သည့် အစုစပ်လုပ်ငန်း၏ ပြုလုပ်မှုအတွက် တာဝန်မရှိ သည့်အပြင် အစုစပ် လုပ်ငန်းသည်လည်း လူမွဲအဖြစ် စီရင် ဆုံးဖြတ်ခံရသူ၏ ပြုလုပ်မှု အတွက်တာဝန်မရှိစေရ။

၃၆။ အစုဝင်များ အချင်းချင်း ပြုလုပ်သည့် ပဋိညာဉ်အရအစုဝင်တစ်ဦး သေဆုံးခြင်းဖြင့် အစုစပ်လုပ်ငန်းကို မဖျက်သိမ်းသည့် ကိစ္စတွင် သေဆုံးသူပိုင် ပစ္စည်းများ သည် ထိုသူ သေဆုံးပြီးနောက် ပြုလုပ်သည့် အစုစပ်လုပ်ငန်း ၏ ပြုလုပ်မှုအတွက် တာဝန်မရှိစေရ။

၃၇။ (၁) နုတ်ထွက်သွားသော အစုဝင်တစ်ဦးသည် အစုစပ်လုပ်ငန်းနှင့် အပြိုင် ဖြစ်သော လုပ်ငန်းတစ်ခုကိုလုပ်ကိုင်နိုင်သည့်အပြင် အဆိုပါ လုပ်ငန်းကို ကြေညာနိုင်သည်။သို့ရာတွင် ဆန့်ကျင်ကွဲလွဲ သည့် ပဋိညာဉ်ကို အထောက်အထားပြု၍ ထိုသူ သည်-

(က) အစုစပ်လုပ်ငန်း၏ အမည်ကို အသုံးမပြုရ၊

( ခ ) အစုစပ်လုပ်ငန်း၏ အလုပ်ကိစ္စများကို လုပ်ကိုင် ဆောင်ရွက် နေသကဲ့သို့ မိမိကိုယ်ကို အခြားသူများ ထင်မှတ်စေရန် မပြုလုပ်ရ၊ သို့မဟုတ်

( ဂ ) ထိုသူ အစုဝင်အဖြစ်မှ မရပ်စဲမီ အစုစပ်လုပ်ငန်းနှင့် ဆက်ဆံသူ များကို မိမိနှင့် ရောင်းဝယ် ဆက်ဆံရန် ခေါ်ယူ ပြောဆိုခြင်း မပြုရ။

(၂) အစုဝင် တစ်ဦးသည် အစုဝင်အဖြစ် ရပ်စဲသည့်အခါ သီးခြားဖော်ပြ သည့် ကာလ အပိုင်းအခြားအတွင်း သို့မဟုတ် သီးခြား ဖော်ပြသည့် နယ်နိမိတ် အတွင်းတွင် အစုစပ် လုပ်ငန်းနှင့် အလားတူ ဖြစ်သည့် လုပ်ငန်းမျိုးကိုယင်းကမလုပ်ကိုင်မည့်အကြောင်းယင်း၏အစုဝင်များ နှင့်သဘောတူညီချက်ပြုလုပ်နိုင်သည်။ ထို့ပြင်**တည်ဆဲပဋိညာဉ်ဥပဒေတွင်** မည်သို့ပင်ရှိစေကာမူ ထားရှိသည့်ကန့်သတ်ချက်များမှာသင့် လျော်လျှင် အဆိုပါ သဘောတူ ညီချက်သည် အတည် ဖြစ်စေရမည်။

၃၈။ အစုစပ် လုပ်ငန်းတွင် ပါဝင်သူတစ်ဦး သေဆုံး၍ သို့မဟုတ် အစုဝင်အဖြစ်မှ အခြားနည်း ရပ်စဲ၍ အသက်ရှင်လျက် ကျန်ရှိသည့် သို့မဟုတ် ဆက်လက် လုပ်ကိုင်ကြသည့် အစုစပ်လုပ်ကိုင်သူများက ထွက်သွားသည့် အစုဝင်နှင့် ဖြစ်စေ၊ ထိုသူပိုင်ပစ္စည်းနှင့် စပ်လျဉ်း၍ ဖြစ်စေအပြီးအပြတ် စာရင်းမရှင်းလင်းဘဲ အစုစပ် လုပ်ငန်းပိုင် ပစ္စည်းများဖြင့် အစုစပ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်သည့် ကိစ္စတွင် ဆန့်ကျင်ကွဲလွဲသည့် ပဋိညာဉ် မရှိလျှင်နုတ်ထွက်သွားသည့် အစုဝင် သို့မဟုတ် ယင်းပိုင်ပစ္စည်းသည် ယင်း၏ ဆန္ဒအတိုင်း ဖြစ်စေ၊ ယင်း၏ ကိုယ်စားလှယ်များ၏ ဆန္ဒအတိုင်း ဖြစ်စေ အစုစပ်လုပ်ငန်းပိုင် ပစ္စည်းမှ ယင်း၏ ဝေစုကို အသုံးပြု သဖြင့် ထိုအစုဝင်အဖြစ်မှ ရပ်စဲပြီးသည်မှစ၍ ရရှိသော အမြတ် အစွန်းများမှ ဆိုင်ရာ ဝေစုကို သော်လည်းကောင်း၊ အစုစပ်လုပ်ငန်းပိုင်ပစ္စည်းမှ ယင်း၏ ဝေစု ပမာဏအပေါ်တွင် တစ်နှစ် လျှင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် သတ်မှတ် ဘဏ်တိုးနှုန်းအတိုင်း အတိုးငွေကို သော်လည်းကောင်း ရထိုက် ခွင့်ရှိသည်။သို့ရာတွင် အစုဝင်များ အချင်းချင်း ပြုလုပ်သည့် ပဋိညာဉ် အရ သေဆုံးသည့် သို့မဟုတ် နုတ်ထွက်သွားသည့် အစုဝင်၏ အကျိုး ခံစားခွင့်ကိုအသက်ရှင် လျက်ရှိသည့် သို့မဟုတ် ဆက်လက် လုပ်ကိုင်ကြသည့် အစုဝင်များအား ဝယ်ယူရန် ရွေးချယ်ခွင့်ဆန္ဒကို ပေးသည့်အပြင် ယင်းဝယ်ယူရန် ရွေးချယ်ခွင့်ဆန္ဒကိုနည်းလမ်းတကျ အသုံးပြုသည့်ကိစ္စ တွင် သေဆုံးသည့် အစုဝင်ပိုင်ပစ္စည်း သို့မဟုတ် နုတ်ထွက်သွားသည့် အစုဝင် သို့မဟုတ် ထိုသူပိုင် ပစ္စည်းသည် နောက်ထပ် သို့မဟုတ် အခြား အမြတ်အစွန်းများမှ မည်သည့်ဝေစုကိုမျှ ရထိုက်ခွင့် မရှိစေရ။ သို့ရာတွင် အဆိုပါဝယ်ယူရန် ရွေးချယ်ခွင့် ဆန္ဒကို အသုံးပြုလျက် ဆောင်ရွက်သည့် အနေဖြင့်ပြုလုပ်သောအစုဝင်တစ်ဦးဦးသည် အရေးပါ အရာရောက်သည့် အချက် အားလုံးတွင် ပဋိညာဉ်ပါ စည်းကမ်းချက်များအတိုင်း မလိုက်နာ လျှင် ထိုသူသည် ဤပုဒ်မ အထက်တွင် ဖော်ပြသည့် ပြဋ္ဌာန်းချက်များ အရ စာရင်း ရှင်းလင်းရန် တာဝန်ရှိသည်။

၃၉။ အစုစပ်လုပ်ငန်း၏ အလုပ်ကိစ္စများနှင့် စပ်လျဉ်း၍ အစုစပ်လုပ်ငန်းကို ဖြစ်စေ၊ သူတစ်ပါးကို ဖြစ်စေ ပေးထားသည့် ဆက်လက် တည်ရှိနေသော အာမခံကို ဆန့်ကျင်ကွဲလွဲသည့် သဘောတူညီချက် မရှိလျှင် အစုစပ် လုပ်ငန်းဖွဲ့စည်းပုံ၌ အပြောင်းအလဲရှိသည့် နေ့ရက်မှစ၍ နောင်အလုပ် ကိစ္စများနှင့် စပ်လျဉ်း၍ ရုပ်သိမ်းသည်။

အခန်း (၆)

အစုစပ်လုပ်ငန်း ဖျက်သိမ်းခြင်း

၄၀။ အစုစပ်လုပ်ငန်းမှ အစုဝင်အားလုံးအချင်းချင်းအစုစပ်လုပ်ကိုင်မှုဖျက်သိမ်းခြင်းကို အစုစပ်လုပ်ငန်းဖျက်သိမ်းခြင်း ဟု ခေါ်သည်။

၄၁။ အစုစပ် လုပ်ငန်းတစ်ခုကို အစုဝင်အားလုံး၏ သဘောတူညီချက်ဖြင့် ဖြစ်စေ၊ အစုဝင်များအချင်းချင်း ပြုလုပ်သည့် ပဋိညာဉ်နှင့်အညီ ဖြစ်စေ ဖျက်သိမ်းနိုင်သည်။

၄၂။ အစုစပ်လုပ်ငန်းကို-

(က) အစုဝင် အားလုံး ဖြစ်စေ၊ အစုဝင်တစ်ဦးမှအပအားလုံး ဖြစ်စေ လူမွဲအဖြစ် စီရင် ဆုံးဖြတ်ခံရခြင်းကြောင့် သို့မဟုတ်

( ခ ) အစုစပ်လုပ်ငန်း၏ လုပ်ငန်း ဆက်လက်ဆောင်ရွက်ရန် အတွက် ကိုသော်လည်းကောင်း၊ အဆိုပါ လုပ်ငန်းကိုအစုဝင်များ က အစုစပ် လုပ်ကိုင်ရန် အတွက်ကို သော်လည်းကောင်း တရားမဝင် ဖြစ်စေသည့် အကြောင်းတစ်ခုခု ဖြစ်ပွားခြင်း ကြောင့်ဖြစ်စေ မဖျက်မနေရ ဖျက်သိမ်းပြီး ဖြစ်သည်။ သို့ရာတွင် အစုစပ်လုပ်ငန်း သည် အထူးစွန့်စားလုပ်ကိုင်မှု သို့မဟုတ် လုပ်ကိုင် ဆောင်ရွက်မှု တစ်ရပ်ထက် ပို၍ လုပ်ကိုင် ဆောင်ရွက်သည့် ကိစ္စတွင် အဆိုပါ လုပ်ကိုင်မှု တစ်ရပ် သို့မဟုတ် လုပ်ကိုင်မှုများသည် တရားမဝင် သည့် အတွက်ကြောင့် ထိုအစုစပ်လုပ်ငန်း၏ တရားဝင်သော အထူးစွန့်စား လုပ်ကိုင်မှု သို့မဟုတ် လုပ်ကိုင် ဆောင်ရွက်မှု များနှင့် စပ်လျဉ်း၍ အစုစပ်လုပ်ငန်းကို မဖျက်သိမ်းစေရ။

၄၃။ အစုဝင်သူ အချင်းချင်း ပြုလုပ်သည့် ပဋိညာဉ်ကို အထောက်အထား ပြု၍ အစုစပ် လုပ်ငန်းတစ်ခုကို-

(က) သက်တမ်း သတ်မှတ်၍ ဖွဲ့စည်းတည်ထောင်ထားလျှင်ထို သက်တမ်းကုန်ဆုံးခြင်းဖြင့်၊

( ခ ) စွန့်စားလုပ်ကိုင်မှု သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်မှု တစ်ရပ် သို့မဟုတ်အများကို လုပ်ကိုင် ဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင် ထားလျှင် ထိုလုပ် ကိုင်ဆောင်ရွက်မှုများ ပြီးဆုံးခြင်းဖြင့်၊

( ဂ ) အစုဝင်တစ်ဦး သေဆုံးခြင်းဖြင့်၊ ထို့ပြင်

(ဃ) အစုဝင်တစ်ဦးကို လူမွဲအဖြစ် စီရင်ဆုံးဖြတ်ခြင်းဖြင့် ဖျက်သိမ်း သည်။

၄၄။ (၁) အစုစပ် လုပ်ငန်းသည် အလိုရှိသမျှသာ လုပ်ကိုင်ရန် တည်ထောင် ထားသည့် အစုစပ် လုပ်ငန်းဖြစ်သည့်အခါ အစုဝင် တစ်ဦးက အစုစပ် လုပ်ငန်းကို ဖျက်သိမ်းရန် ရည်ရွယ်ကြောင်းဖြင့် အခြား အစုဝင် အားလုံး အား စာဖြင့် ရေးသား၍ နို့တစ်စာ ပေးပို့ခြင်း ဖြင့် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းနိုင်သည်။

(၂) အစုစပ်လုပ်ငန်းကို ဖျက်သိမ်းသည့် နေ့ရက်အဖြစ်ဖြင့် နို့တစ်စာ တွင် ဖော်ပြထားလျှင် ထိုနေ့ရက်မှစ၍ သော်လည်းကောင်း၊ ယင်းနေ့ရက်ကို ဖော်ပြမထားလျှင် နို့တစ်စာ ဆက်သွယ်ပေးပို့သည့် နေ့ရက်မှ စ၍ သော်လည်းကောင်း ဖျက်သိမ်းပြီးဖြစ်သည်။

၄၅။ တရားရုံးသည် အစုဝင်တစ်ဦးက စွဲဆိုသော တရားမမှုတွင် အောက်ဖော် ပြပါ အကြောင်းတစ်ခုခုကြောင့် အစုစပ် လုပ်ငန်းကို ဖျက်သိမ်းနိုင်သည်-

(က) အစုဝင်တစ်ဦး ရူးသွပ်လာသည့်အတွက် ယင်းကိုစွမျိုးတွင် ရူးသွပ် သည့် အစုဝင် နီးစပ်ရာ မိတ်ဆွေကလည်း အခြားအစုဝင်များ ကဲ့သို့ တရားမမှုကို စွဲဆိုနိုင်ခြင်း၊

( ခ ) တရားမမှု စွဲဆိုသည့်အခါ အစုဝင်မှအပ အခြားအစုဝင် တစ်ဦးသည်လုပ်ငန်း အမျိုးအစားကို ထောက်ရှု၍ ယင်းအလုပ် ကိစ္စ ဆောင်ရွက်ခြင်း ကို ထိခိုက်ဖွယ်ရာ အကြောင်းရှိသည့် ပြုလုပ်မှုအတွက် အပြစ်ရှိခြင်း၊

( ဂ ) တရားမမှု စွဲဆိုသည့် အစုဝင်မှအပ အခြား အစုဝင်တစ်ဦးသည် လုပ်ငန်း အမျိုးအစားကို ထောက်ရှု၍ ယင်းအလုပ်ကိစ္စ ဆောင်ရွက်ခြင်းကို ထိခိုက် ဖွယ်ရာအကြောင်းရှိသည့် ပြုလုပ်မှု အတွက် အပြစ်ရှိခြင်း၊

(ဃ) တရားမမှု စွဲဆိုသည့် အစုဝင်မှအပ အခြားအစုဝင်တစ်ဦးသည် အစုစပ် လုပ်ငန်း၏ ကိစ္စများ ကြီးကြပ် အုပ်ချုပ်ခြင်းနှင့် လည်းကောင်း၊ အဆိုပါ အစုစပ်လုပ်ငန်း၏ အလုပ်ကိစ္စများ ဆောင်ရွက်ခြင်းနှင့်

လည်းကောင်း စပ်လျဉ်းသည့် သဘောတူ ညီချက်များကို တမင် သို့မဟုတ် ထပ်တလဲလဲ ဖောက်ဖျက်ခြင်း သို့မဟုတ် အလုပ်ကိစ္စကို အခြားအစုဝင်များက ထိုသူနှင့် အတူ အစုစပ်လုပ်ကိုင်ရန် အကြောင်း အားလျော်စွာ မဖြစ်နိုင် သော အလုပ်ကိစ္စနှင့် စပ်လျဉ်းသည့် ကိစ္စများတွင် ထိုသူ အခြားနည်း ပြုမူ ဆောင်ရွက်ခြင်း၊

( င ) တရားမမှု စွဲဆိုသည့် အစုဝင်မှအပ အခြား အစုဝင်တစ်ဦးသည် အစုစပ် လုပ်ငန်းမှ ယင်း၏ အကျိုးခံစားခွင့် အားလုံးကို အခြားသူအား တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း သို့မဟုတ် ယင်း၏ ဝေစုကို တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်းဥပဒေ ၄၉ ပါ ပြဋ္ဌာန်းချက်များ အရ ပေးဆောင်ခွင့် ပြုခြင်း သို့မဟုတ် ထိုအစုဝင်ကပေးဆောင်ရန် ရှိသည့် မြေခွန် တော်မပြေ ကျန်ငွေများကိုဖြစ်စေ၊ မြေခွန်တော်မပြေ ကျန်ငွေ ကဲ့သို့ အရတောင်းခံရမည့် ငွေများကို ဖြစ်စေ အရတောင်းခံရန် အတွက် ယင်း၏ ဝေစုကို ရောင်းချခွင့်ပြုခြင်း၊

( စ ) အစုစပ်လုပ်ငန်း၏အလုပ်ကိစ္စကို အရှုံးမရှိဘဲလုပ်ကိုင်ဆောင်ရွက် မှု မပြုနိုင်ခြင်း၊ သို့မဟုတ်

(ဆ) အစုစပ်လုပ်ငန်းကိုဖျက်သိမ်းသင့်သည့်တရားမျှတသော အခြားအကြောင်းများ ရှိခြင်း။

၄၆။ (၁) အစုစပ်လုပ်ငန်းကို မည်သို့ပင် ဖျက်သိမ်းပြီး ဖြစ်စေကာမူ အစုစပ်ဝင် များသည် မဖျက်သိမ်းမီ ပြုလုပ်ခဲ့လျှင် အစုစပ် လုပ်ငန်း၏ ပြုလုပ်မှု ဖြစ်မည့်ထိုသူများအနက် တစ်ဦးဦးက ပြုလုပ်သော ပြုလုပ်မှု တစ်ခုခု အတွက် အခြားသူတို့အား အစုဝင် များအဖြစ် ဖျက်သိမ်း ကြောင်း အများကြားသိရန် မကြေညာသေးသမျှ ကာလပတ်လုံး ဆက်လက် တာဝန်ရှိသည်၊ သို့ရာတွင် သေဆုံးသည့် သို့မဟုတ်လူမွဲအဖြစ် စီရင် ဆုံးဖြတ်ခံရသည့် အစုဝင် ပိုင်ပစ္စည်းဖြစ်စေ၊ အစုစပ်လုပ်ငန်း နှင့် ဆက်သွယ် ဆောင်ရွက် လျက် ရှိသူက ထိုသူမှာ အစုဝင် ဖြစ်ကြောင်း သိရှိပြီး မဟုတ်သည့် အစုစပ်လုပ်ငန်းမှ နုတ်ထွက်ခဲ့သော အစုဝင်ပိုင် ပစ္စည်း ဖြစ်စေ ထိုသူ အစုဝင်အဖြစ်မှ ရပ်စဲသည့် နေ့ရက် နောက်မှ ပြုလုပ်သည့် ပြုလုပ်မှုများ အတွက် ဤပုဒ်မအရ တာဝန်မရှိချေ။

(၂) ပုဒ်မခွဲ (၁) အရ ကြေညာခြင်းများကို အစုဝင် တစ်ဦးဦးက ပြုလုပ် နိုင်သည်။

၄၇။ အစုစပ်လုပ်ငန်းကို ဖျက်သိမ်းသည့်အခါ အစုဝင်တိုင်းသို့မဟုတ် ယင်း၏ ကိုယ်စားလှယ်တိုင်းသည် အခြားအစုဝင် အားလုံး သို့မဟုတ် ယင်းတို့၏ ကိုယ်စားလှယ်အားလုံးနှင့် ယှဉ်ပြိုင်၍ အစုစပ်လုပ်ငန်း ပိုင် ပစ္စည်းကို အစုစပ် လုပ်ငန်း၏ ကြွေးမြီနှင့် တာဝန်များ ပေးဆပ်ရာ၌ အသုံးပြု စေခွင့်ရှိသည့်အပြင် ငွေပိုငွေလျှံကို အစုဝင်များ အား ဖြစ်စေ၊ ယင်းတို့၏ ကိုယ်စားလှယ်များအား ဖြစ်စေ ယင်းတို့၏ အခွင့်အရေးများနှင့်အညီ ခွဲဝေစေခွင့် ရှိသည်။

၄၈။ အစုစပ်လုပ်ငန်း ဖျက်သိမ်းပြီးနောက် အစုစပ်လုပ်ငန်းအား တာဝန် ရှိစေ ရန် အစုဝင်အသီးသီး၏ အခွင့်အာဏာသည် လည်းကောင်း၊ အစုဝင်များ အချင်းချင်း ရရှိသည့် အခြားအခွင့်အရေးများနှင့် ခံယူရ မည့်တာဝန်များ သည် လည်းကောင်း အစုစပ်လုပ်ငန်း မည်သို့ပင် ဖျက်သိမ်းပြီး ဖြစ်စေ ကာမူ အစုစပ်လုပ်ငန်း၏ အရေးကိစ္စများကို ရှင်းလင်း အပြီးသတ်ရန် နှင့် စတင် ဆောင်ရွက်ခဲ့သော်လည်း ဖျက်သိမ်းသည့်အခါတွင် မပြီးပြတ် သေးသောဆောင်ရွက်ချက်များ ပြီးပြတ်စေရန် လိုအပ်သမျှသာ ဆက်လက် တည်ရှိသည်။ သို့ရာတွင် အခြားနည်းဆက်လက်မတည်ရှိစေရ။ သို့ရာတွင် အစုစပ်လုပ်ငန်းသည် လူမွဲအဖြစ် စီရင်ဆုံးဖြတ်ခံရသည့် အစုဝင်၏ ပြုလုပ်မှုများ အတွက် မည်သည့် ကိစ္စတွင်မျှ တာဝန် မရှိ။ သို့သော်လည်း ဤခြွင်းချက်သည် အဆိုပါစီရင်ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် မိမိကိုယ် ကိုအဆိုပါလူမွဲအဖြစ်ခံယူသူ၏ အစုစပ်လုပ်ကိုင်သူ တစ်ဦးကဲ့သို့ ယုံကြည်စေသည့် သို့မဟုတ် သိလျက်နှင့် ယုံကြည်စေအောင် ပြုလုပ်ခွင့်ပြုသည့်သူ တစ်ဦး တစ်ယောက်၏ တာဝန်နှင့် မသက်ဆိုင်စေရ။

၄၉။ ဖျက်သိမ်းပြီးနောက် အစုစပ်လုပ်ငန်း၏ စာရင်းများရှင်းလင်းရာတွင် အောက်ဖော်ပြပါနည်းဥပဒေများကို အစုဝင်များအချင်းချင်းပြုလုပ်သည့် သဘောတူညီချက်များကို အထောက်ထားပြုလျက် လိုက်နာရမည်-

(က) မတည်ငွေရင်းမှ လျော့နည်းနေသည့် ငွေအပါအဝင်ဖြစ်သည့် ဆုံးရှုံး ငွေများကို ရှေးဦးစွာ အမြတ်အစွန်းထဲမှ လည်းကောင်း၊ ထို့နောက် မတည်ငွေရင်းထဲ မှလည်းကောင်း နောက်ဆုံး၌ လိုအပ်လျှင် အစုဝင် အသီးသီးက အမြတ်အစွန်းများကို ယင်းတို့ခွဲဝေယူ ထိုက်သည့် အချိုးကျ အလိုက် ပေးရမည်၊

( ခ )မတည်ငွေရင်းမှ လျော့နည်းငွေများကို ဖြည့်စွက်ရန် အစုဝင်များက ထည့်သွင်းသည့်ငွေ အပါအဝင် ဖြစ်သည့် အစုစပ် လုပ်ငန်းပိုင် ပစ္စည်းများကို အောက်ဖော်ပြပါနည်းလမ်းနှင့် အစီအစဉ်အတိုင်း အသုံးပြုရမည်-

(၁) အခြားသူတို့အား ပေးရန်ရှိသည့် အစုစပ်လုပ်ငန်း၏ ကြွေးမြီ များကို ပေးဆပ်ခြင်း၊

(၂) မတည်ငွေရင်းမှ ခွဲခြား၍ ကြိုတင်ချေးငွေများ အတွက် အစုစပ် လုပ်ငန်းက အစုဝင် အသီးသီးအား ပေးရန် ရှိသည်ကို နှုန်းထား အတိုင်းပေးခြင်း၊

(၃) မတည်ငွေရင်းအတွက် အစုဝင် အသီးသီးအား ပေးရန်ရှိ သည်ကို နှုန်းထားအတိုင်း ပေးခြင်းနှင့်

(၄) ကျန်ငွေ တစ်စုံတစ်ရာ ရှိလျှင် ယင်းငွေကိုအစုဝင်များအား အမြတ် အစွန်းများကို ယင်းတို့ ခွဲဝေယူထိုက်သည့် အချိုးကျ အလိုက် ခွဲဝေ ပေးရမည်။

၅၀။ အစုစပ်လုပ်ငန်းက တွဲဖက်ပေးဆပ်ရန် ကြွေးမြီ များနှင့်အစုဝင်က သီးခြား ပေးဆပ်ရန် ကြွေးမြီ များလည်း ရှိသည့်ကိစ္စတွင် အစုစပ် လုပ်ငန်းပိုင် ပစ္စည်းကို အစုစပ်လုပ်ငန်း၏ ကြွေးမြီများ ပေးဆပ်ရာ၌ ရှေးဦးစွာ အသုံးပြုရမည်။ ထို့နောက် ငွေပိုကျန် ရှိလျှင် အစုဝင် အသီးသီး ၏ ဝေစုကို ထိုသူ၏ သီးခြား ကြွေးမြီ များ ပေးဆပ်ရာ၌ အသုံးပြုရမည်၊ သို့မဟုတ် ထိုသူအား ပေးရမည်။ အစုဝင် တစ်ဦးဦးပိုင် သီးခြားပစ္စည်းကို ယင်း၏ သီးခြား ကြွေးမြီ များ ပေးဆပ်ရာ ၌ ရှေးဦးစွာ အသုံးပြုရမည်။ ထို့ပြင် ငွေပိုကျန်ရှိလျှင် ထိုငွေကို အစုစပ် လုပ်ငန်း၏ ကြွေးမြီများ ပေးဆပ်ရာ၌ အသုံးပြုရမည်။

၅၁။ အစုဝင်အချင်းချင်း ပြုလုပ်သည့်ပဋိညာဉ်ကိုအထောက်အထားပြု၍**ပုဒ်မ ၁၇** အပိုဒ်(က) ပါပြဋ္ဌာန်းချက်များသည် အစုဝင်တစ်ဦး သေဆုံးခြင်း ကြောင့် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းပြီးနောက် ယင်းအစုစပ် လုပ်ငန်း ၏ ကိစ္စများရှင်းလင်းခြင်း အပြီးမသတ်မီ အသက်ရှင်လျက် ကျန်ရှိသည့် အစုဝင် တစ်ဦးဦးက ဖြစ်စေ၊ သေဆုံးသည့် အစုဝင်၏ ကိုယ်စားလှယ် များကဖြစ်စေပြုလုပ်သည့် ဆောင်ရွက်ချက်များနှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် အစုဝင်တစ် ဦးဦးက ဖြစ်စေ၊ ယင်း၏ကိုယ်စားလှယ်က ဖြစ်စေ အစုစပ်လုပ်ငန်းဆိုင်ရာ နာမည်ကောင်းကို ဝယ်ယူသည့် ကိစ္စတွင် ဤပုဒ်မပါ မည်သည့်အချက်ကမျှ အစုစပ်လုပ်ငန်းအမည်ကို အသုံးပြုရန် ထိုသူ၏ အခွင့်အရေးကို မထိခိုက်စေရ။

၅၂။ အစုဝင် တစ်ဦးသည် သတ်မှတ်ထားသည့် ကာလအပိုင်းအခြား အတွက် အစုစပ် လုပ်ငန်းသို့ ဝင်ရောက်လုပ်ကိုင်ရာ၌ စပေါ်ငွေ ပေးဆောင်ပြီးနောက် အဆိုပါ အစုစပ်လုပ်ငန်းကို အစုဝင်တစ်ဦး သေဆုံးခြင်းကြောင့် မဟုတ်ဘဲ အခြား အကြောင်းကြောင့် ထိုကာလ အပိုင်းအခြား မကုန်ဆုံးမီ ဖျက်သိမ်းသည့်ကိစ္စတွင်-

(က) ဖျက်သိမ်းခြင်း အဓိက အကြောင်းရင်းမှာ ယင်း၏စီမံခန့်ခွဲမှု မကောင်း ခြင်းကြောင့် မဟုတ်လျှင် သို့မဟုတ်

( ခ )ဖျက်သိမ်းခြင်းမှာ စပေါ်ငွေကို ဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကို ဖြစ်စေ ပြန်ပေးရန်အတွက် ပြဋ္ဌာန်းချက် မပါသည့် သဘောတူ ညီချက်နှင့်အညီ မဟုတ်လျှင်

ထိုသူ အစုဝင်တစ်ဦး ဖြစ်လာခဲ့သည့် စည်းကမ်းချက်များနှင့် ထိုသူ အစုဝင် တစ်ဦး ဖြစ်ခဲ့သော ကာလ မည်မျှ ကြာသည်တို့ကို ထောက်ရှု၍ ထိုသူသည် စပေါ်ငွေကို ဖြစ်စေ၊ ယင်း၏ သင့်လျော်ရာ အစိတ်အပိုင်း ကိုဖြစ်စေ ပြန်လည် ရထိုက် စေရ မည်။

၅၃။ အစုစပ် လုပ်ကိုင်ခြင်းကို ဖန်တီးသည့် ပဋိညာဉ် တစ်ခုခုကို အစုစပ်လုပ်ငန်းတွင် ပါဝင်သူတစ်ဦးဦးက လိမ်လည်ခြင်းကြောင့် ဖြစ်စေ၊ အလွဲဖော်ပြခြင်းကြောင့် ဖြစ်စေပယ်ဖျက်သည့်ကိစ္စတွင် ပယ်ဖျက်ခွင့် ရသူသည် အခြားအခွင့်အရေးများကို မထိခိုက်စေဘဲ-

(က) အစုစပ်လုပ်ငန်းတွင် ဝေစုဝယ်ယူရာ၌ ယင်းပေးဆောင်သည့် ငွေအတွက် လည်းကောင်း၊ ယင်းပေးသွင်းပြီး ဖြစ်သည့် မတည် ငွေရင်းအတွက် လည်းကောင်း အစုစပ်လုပ်ငန်း၏ ကြွေးမြီများ ကို ပေးဆပ်ပြီးနောက် ကျန်ရှိသည့် အဆိုပါ အစုစပ် လုပ်ငန်း၏ ငွေပို သို့မဟုတ် အပိုင် ပစ္စည်းများကို လက်ရှိထားပိုင်ခွင့် သို့မဟုတ် မပေးဘဲ ဆိုင်းငံ့ထားခွင့် ရှိသည်၊

( ခ )အစုစပ်လုပ်ငန်း၏ ကြွေးမြီများ ပေးဆပ်ရန်အတွက် ယင်း ပေးဆောင် ထားသည့် ငွေနှင့် စပ်လျဉ်း၍ အစုစပ်လုပ်ငန်း၏ မြီရှင်တစ်ဦးအဆင့် အဖြစ် သတ်မှတ်ပိုင်ခွင့် ရှိသည်နှင့်

( ဂ ) လိမ်လည်မှု သို့မဟုတ် အလွဲဖော်ပြမှု ကျူးလွန်သည့် အစုဝင် သို့မဟုတ် အစုဝင်များက အစုစပ်လုပ်ငန်း၏ ကြွေးမြီအားလုံး အတွက် လျော်ကြေး ပေးခြင်းကို ခံယူထိုက်ခွင့် ရှိသည်။

၅၄။ အစုစပ်လုပ်ငန်းတစ်ခုခုကို ဖျက်သိမ်းပြီးနောက် အစုဝင်တိုင်း သို့မဟုတ် ယင်း၏ကိုယ်စားလှယ်တိုင်းသည် အစုဝင်များအချင်းချင်း ပြုလုပ်သည့် ဆန့်ကျင်ကွဲပြားသောပဋိညာဉ်မရှိလျှင်အစုစပ်လုပ်ငန်း၏ အရေးကိစ္စများ ကိုအပြီးအပြတ် ဖျက်သိမ်းပြီးသည်အထိ အခြားအစုဝင် တစ်ဦးကဖြစ်စေ၊ ယင်း၏ကိုယ်စားလှယ်က ဖြစ်စေအစုစပ်လုပ်ငန်း၏ အမည်ဖြင့်အလားတူ လုပ်ငန်းမျိုးကို လုပ်ကိုင်ဆောင်ရွက်ခြင်းမှ သို့မဟုတ် ယင်း၏ အကျိုး အမြတ် အတွက် အစုစပ် လုပ်ငန်းပိုင် ပစ္စည်းများကို အသုံးပြုခြင်းမှ တားမြစ်နိုင်သည်။

သို့ရာတွင် အစုဝင်တစ်ဦးက ဖြစ်စေ၊ ယင်း၏ကိုယ်စားလှယ်က ဖြစ်စေ အစုစပ် လုပ်ငန်းဆိုင်ရာ နာမည်ကောင်းကို ဝယ်ယူသည့် ကိစ္စတွင် ဤပုဒ်မပါ မည်သည့် အချက်ကမျှ အစုစပ်လုပ်ငန်း အမည်ကို အသုံးပြုရန် ထိုသူ၏ အခွင့်အရေးကို မထိခိုက်စေရ။

၅၅။ အစုဝင်တို့သည် အစုစပ်လုပ်ငန်း ဖျက်သိမ်းသည့်အခါသို့မဟုတ် မဖျက်သိမ်းမီ ယင်းတို့အနက် အချို့က သော် လည်းကောင်း၊ အားလုံးက သော်လည်းကောင်း သီးခြားဖော်ပြသည့် ကာလ အပိုင်းအခြား အတွင်း သို့မဟုတ်သီးခြား ဖော်ပြသည့် နယ်နိမိတ်အတွင်း အစုစပ်လုပ်ငန်းနှင့် အလားတူ ဖြစ်သည့် လုပ်ငန်းမျိုးကို လုပ်ကိုင်လိမ့်မည် မဟုတ်ကြောင်း သဘောတူညီချက် ပြုလုပ်နိုင်သည့်အပြင် **တည်ဆဲပဋိညာဉ်ဥပဒေတွင်** မည်သို့ ပါရှိစေကာမူ ထားရှိသည့် တားမြစ်ချက်များမှာ သင့်လျော်လျှင် အဆိုပါ သဘောတူညီချက်သည် အတည် ဖြစ်စေရမည်။

၅၆။(၁) ဖျက်သိမ်းပြီးနောက် အစုစပ်လုပ်ငန်း၏ ငွေစာရင်းများ ရှင်းလင်း ရာတွင် အစုစပ်လုပ်ငန်းဆိုင်ရာနာမည်ကောင်းသည် အစုဝင်များ အချင်းချင်း ပြုလုပ်သည့် ပဋိညာဉ်ကို အထောက်အထားပြု၍ အစုစပ်လုပ်ငန်းပိုင် ပစ္စည်းများတွင် အပါအဝင်ဖြစ်စေရမည့်အပြင် ယင်းကို သီးခြား ဖြစ်စေ၊ အစုစပ် လုပ်ငန်းပိုင် ပစ္စည်းများနှင့်အတူ ဖြစ်စေရောင်းချနိုင်သည်။

(၂) ဖျက်သိမ်းပြီးနောက် အစုစပ် လုပ်ငန်းဆိုင်ရာ နာမည်ကောင်းကို ရောင်းချ သည့်ကိစ္စတွင် အစုဝင်တစ်ဦးသည် ဝယ်သူ၏လုပ်ငန်းနှင့် အပြိုင်အဆိုင် လုပ်ကိုင်နိုင်သည့်အပြင် အဆိုပါ လုပ်ငန်းကို ကြော်ငြာနိုင်သည်။ သို့ရာတွင် ထိုသူနှင့် ဝယ်သူတို့ ထားရှိသည့် သဘောတူညီချက်ကို အထောက် အထားပြု၍ ထိုသူသည်-

(က) အစုစပ်လုပ်ငန်းအမည်ကို အသုံးမပြုနိုင်၊

( ခ ) အစုစပ်လုပ်ငန်း၏ အလုပ်ကိစ္စများကို လုပ်ကိုင် ဆောင်ရွက် နေ သကဲ့သို့ မိမိကိုယ်ကို အခြားသူများ ထင်မှတ်စေရန် မပြုလုပ်နိုင် သို့မဟုတ်

( ဂ ) အစုစပ်လုပ်ငန်း မဖျက်သိမ်းမီ ယင်းအစုစပ် လုပ်ငန်းနှင့် ဆက်ဆံ လျက်ရှိသူများ၏ ဖောက်သည် ဖြစ်ခြင်းကို သွေးဆောင်ခြင်း မပြုနိုင်။

(၃) အစုဝင် တစ်ဦးသည် အစုစပ်လုပ်ငန်းဆိုင်ရာ နာမည်ကောင်းကို ရောင်းချသည့်အခါ သီးခြားဖော်ပြသည့် ကာလ အပိုင်းအခြား အတွင်း သို့မဟုတ် သီးခြား ဖော်ပြသည့် နယ်နိမိတ်အတွင်း အစုစပ်လုပ်ငန်းနှင့် အလားတူ ဖြစ်သည့် လုပ်ငန်းများကို လုပ်ကိုင် လိမ့်မည် မဟုတ်ကြောင်း ဝယ်သူနှင့် သဘော တူညီချက်ပြုနိုင်သည့် အပြင် **တည်ဆဲပဋိညာဉ်ဥပဒေတွင်** မည်သို့ပင် ပါရှိစေကာမူ ထားရှိသည့် တားမြစ်ချက်များမှာ သင့်လျော်လျှင် အဆိုပါ သဘောတူညီချက်သည် အတည် ဖြစ်စေရမည်။

အခန်း (၇)

အစုစပ်လုပ်ငန်းများ မှတ်ပုံတင်ခြင်း

၅၇။ **ပြည်ထောင်စုဝန်ကြီး**သည် ပြန်တမ်းတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် **ပြည်ထောင်စု သမ္မတ မြန်မာ နိုင်ငံတော်** နှင့် ဖြစ်စေ၊ ထိုအမိန့်ကြော်ငြာစာတွင် သီးခြား ဖော် ပြထားသည့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်** ၏အစိတ်အပိုင်း တစ်ခုခုနှင့် ဖြစ်စေ မသက်ဆိုင်စေရန် ညွှန်ကြား နိုင်သည်။

၅၈။(၁) **ပြည်ထောင်စုဝန်ကြီး** သည် ဤအက်ဥပဒေပါ ကိစ္စများအလို့ငှာ အစုစပ် လုပ်ငန်းများဆိုင်ရာ မှတ်ပုံတင်အရာရှိများကို ခန့်ထား နိုင်သည့်အပြင် ယင်းအရာရှိများသည် ယင်းတို့၏ အာဏာများ နှင့် တာဝန်များကိုသုံးစွဲ ဆောင်ရွက်ရမည့် အရပ်ဒေသများကို သတ်မှတ်နိုင်သည်။

(၂) မှတ်ပုံတင် အရာရှိတိုင်းသည် ပြစ်မှုဆိုင်ရာ **ဥပဒေပုဒ်မ ၂၂** ပါ အဓိပ္ပာယ်တွင် ပြည်သူ့ဝန်ထမ်းတစ်ဦး ဖြစ်သည်ဟု မှတ်ယူရမည်။

၅၉။(၁) အစုစပ်လုပ်ငန်း မှတ်ပုံတင်ခြင်းကို သတ်မှတ်ထားသည့် ပုံစံ၊ သတ်မှတ် ထားသည့် အခကြေးငွေနှင့်တကွ အောက်ပါ အကြောင်း အရာများကို ဖော်ပြလျက် အစုစပ်လုပ်ငန်း နေရာဌာန တည်ရှိသည့် သို့မဟုတ် တည်ရှိရန် ရည်ရွယ်သည့် ဒေသဆိုင်ရာ မှတ်ပုံတင် အရာရှိထံ စာတိုက်မှပေးပို့ခြင်းဖြင့်ဖြစ်စေ၊ ပေးအပ်ခြင်းဖြင့် ဖြစ်စေ၊ **အီလက်ထရောနစ်နည်းဖြင့် ဖြစ်စေ** အချိန်မရွေး ပြုလုပ်နိုင်သည်-

(က) အစုစပ်လုပ်ငန်းအမည်၊

( ခ )အစုစပ်လုပ်ငန်း တည်နေရာဌာန သို့မဟုတ်ပင်မနေရာဌာန၊

( ဂ )အစုစပ်လုပ်ငန်းက အလုပ်ကိစ္စများ လုပ်ကိုင်ဆောင်ရွက် သည့် အခြား နေရာဌာနများ၏အမည်များ၊

(ဃ) အစုဝင်အသီးသီး အစုစပ်လုပ်ငန်းသို့ ပါဝင်သည့် နေ့ရက်၊

( င )အစုဝင်များ၏ အမည်များ အပြည့်အစုံနှင့်အမြဲတမ်း လိပ်စာများ၊ ထို့ပြင်

( စ )အစုစပ်လုပ်ငန်း တည်ရှိသည့် ကာလ။

ယင်းဖော်ပြချက်ကို အစုစပ်လုပ်ကိုင်သူ အားလုံးကဖြစ်စေ၊ကိစ္စ အလို့ငှာ အထူးအာဏာ အပ်နှင်းထားသည့် ယင်းတို့၏ ကိုယ်စားလှယ်များက ဖြစ်စေလက်မှတ်ရေးထိုးရမည်။

(၂) အဆိုပါ ဖော်ပြချက်ကို လက်မှတ်ရေးထိုးသူ အသီးသီးသည် ထိုဖော်ပြချက် မှန်ကန်ကြောင်းကိုလည်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(၃) အစုစပ်လုပ်ငန်း အမည်တွင် အောက်ဖော်ပြပါ စကားလုံးများမှ စကားလုံး တစ်ခုခုမျှ မပါရှိစေရ-

**ပြည်ထောင်စုဝန်ကြီးက** အဆိုပါ စကားလုံးများအား အစုစပ်လုပ်ငန်း အမည်၏ အစိတ်အပိုင်းဖြင့် အသုံးပြုခြင်းကို သဘောတူကြောင်း လက်မှတ်ရေးထိုးသည့် အခါမှအပ (]နိုင်ငံတော်သမ္မတ }]ပြည်ထောင်စု }) ၁ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်** အစိုးရက အခွင့်အမိန့်ပေးကြောင်းကို သော်လည်းကောင်း၊ သဘောတူကြောင်းကို သော်လည်းကောင်း၊ ချီးမြှောက်ကြောင်း (_ _ _)၂ ကို သော်လည်းကောင်း ဖော်ပြသည့် သို့မဟုတ် ထိုသို့ အခွင့်အမိန့်ပေးခြင်း၊ သဘောတူခြင်း၊ ချီးမြှင့်ခြင်း ပြုရာ ရောက်သည့်စကားလုံးများ။

၆၀။ မှတ်ပုံတင်အရာရှိသည် **ပုဒ်မ ၅၉** ပါ ပြဋ္ဌာန်းချက်များကို နည်းလမ်းတကျ လိုက်နာပြီးကြောင်း ကျေနပ်သည့်အခါ အဆိုပါ ဖော်ပြချက်နှင့် စပ်လျဉ်းသည့် ရေးသွင်းချက်ကို အစုစပ်လုပ်ငန်းများ မှတ်ပုံတင် စာရင်းဟု ခေါ်သော မှတ်ပုံတင် စာရင်းတွင် ရေးမှတ် ရမည့်အပြင် အဆိုပါ ဖော်ပြချက်ကို စာတွဲထားရမည်။

၆၁။ (၁) မှတ်ပုံတင် အစုစပ်လုပ်ငန်း၏ အမည်တွင် ဖြစ်စေ၊ပင်မလုပ်ငန်း နေရာဌာန တည်နေရာတွင် ဖြစ်စေအပြောင်းအလဲ တစ်ခုခု ပြုလုပ်လျှင် ထိုအပြောင်းအလဲကို သီးခြား ဖော်ပြလျက် **ပုဒ်မ ၅၉** အရ လိုအပ်သည့် နည်းလမ်းအတိုင်း လက်မှတ်ရေး ထားသည့်အပြင် မှန်ကြောင်း ဝန်ခံ လက်မှတ် ရေးထိုးပြီးသော ဖော်ပြချက်တစ်စောင် ကို သတ်မှတ်ထားသည့် အခကြေးငွေ နှင့်အတူ မှတ်ပုံတင်အရာရှိ ထံပေးပို့နိုင်သည်။

(၂) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များကို နည်းလမ်းတကျ လိုက်နာပြီးကြောင်း ကျေနပ်သည့်အခါ အစုစပ်လုပ်ငန်းများမှတ်ပုံတင်စာရင်းတွင် ယင်းအစုစပ် လုပ်ငန်းနှင့်စပ်လျဉ်းသည့် ရေးသွင်းချက်ကို အဆိုပါ ဖော်ပြချက် နှင့်လျော်ညီစွာ ပြင်ဆင်ရမည့်အပြင် အဆိုပါ ဖော်ပြချက်ကိုလည်း **ပုဒ်မ ၆၀** အရ စာတွဲထားသည့် ယင်းအစုစပ် လုပ်ငန်းနှင့် စပ်လျဉ်းသော ဖော်ပြချက်နှင့်အတူ စာတွဲထားရမည်။

၆၂။ မှတ်ပုံတင် အစုစပ်လုပ်ငန်းတစ်ခုခုသည် ယင်း၏ ပင်မလုပ်ငန်း နေရာဌာန မဟုတ်သည့် နေရာဌာန တစ်ခုခု၌လုပ်ငန်းရပ်စဲလျှင် ဖြစ်စေ၊ လုပ်ငန်း စတင် ဆောင်ရွက်လျှင် ဖြစ်စေ အစုစပ်လုပ်ငန်းမှ အစုဝင် သို့မဟုတ်ကိုယ်စားလှယ် တစ်ဦးဦးသည် ထိုအကြောင်းကို မှတ်ပုံတင် အရာရှိထံ အကြောင်းကြားနိုင်သည်။ မှတ်ပုံတင် အရာရှိ သည် အဆိုပါ အစုစပ်လုပ်ငန်းမှတ်ပုံတင်စာရင်းတွင် ယင်းအစုစပ် လုပ်ငန်း စပ်လျဉ်း သည့် ရေးသွင်းချက်၌ မှတ်သားထားရမည့်အပြင် **ပုဒ်မ ၆၀** အရ စာတွဲ ထားသည့် အဆိုပါ အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်းသော ဖော်ပြချက်နှင့် အတူ စာတွဲထားရမည်။

၆၃။ မှတ်ပုံတင် အစုစပ်လုပ်ငန်းမှ အစုဝင် တစ်ဦးဦးသည်ယင်း၏ အမည်ကို ဖြစ်စေ၊ အမြဲတမ်း လိပ်စာကို ဖြစ်စေ ပြောင်းလဲသည့်အခါ ထိုသို့ ပြောင်းလဲကြောင်း အကြောင်းကြားစာကို အစုဝင်တစ်ဦးဦး သို့မဟုတ် အစုစပ် လုပ်ငန်း၏ ကိုယ်စားလှယ် တစ်ဦးဦးက မှတ်ပုံတင်အရာရှိထံ ပေးပို့နိုင်သည်။ ယင်းမှတ်ပုံတင် အရာရှိသည် ထိုအကြောင်းကြားစာကို **ပုဒ်မ ၆၂** တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း စီမံဆောင် ရွက်ရမည်။

၆၄။(၁) မှတ်ပုံတင် အစုစပ်လုပ်ငန်း၏ ဖွဲ့စည်းပုံတွင်ပြောင်းလဲချက် ရှိလျှင် အသစ်ဝင်လာသည့် သို့မဟုတ် ဆက်လက်ရှိနေသည့် သို့မဟုတ် နုတ်ထွက် သွားသည့် အစုဝင် တစ်ဦးဦးနှင့် မှတ်ပုံတင် ထားသည့် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းသည့်အခါ ယင်းသို့ ဖျက်သိမ်းမည့် ဆဲဆဲတွင် အစုဝင်တစ်ဦး ဖြစ်သူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ် သို့မဟုတ်ဤကိစ္စအလို့ငှာအထူးအားဖြင့်အာဏာအပ်နှင်းထားခြင်း ခံရသူတစ်ဦးဦးသည်အဆိုပါပြောင်းလဲခြင်းသို့မဟုတ်ဖျက်သိမ်းခြင်း ကို ပြောင်းလဲ ဖျက်သိမ်း သည့် နေ့ရက်ကို သီးခြား ဖော်ပြလျက် မှတ်ပုံတင် အရာရှိထံ နို့တစ်စာဖြင့် အကြောင်း ကြားနိုင်သည်။ ထို့ပြင် မှတ်ပုံတင်အရာရှိ သည်ထိုသို့ အကြောင်း ကြားကြောင်း အစုစပ်လုပ်ငန်း မှတ်ပုံတင် စာရင်းတွင်အဆိုပါ အစုစပ်လုပ်ငန်းနှင့် သက်ဆိုင်သည့်ရေးသွင်းချက်၌ မှတ်သားထားရမည့်အပြင် ယင်းနို့ တစ်စာကိုလည်း **ပုဒ်မ ၆၀** အရ စာတွဲထားသည့် အစုစပ်လုပ်ငန်းနှင့် သက်ဆိုင်သော ဖော်ပြချက်နှင့် အတူ စာတွဲထား ရမည်။

(၂) အစုစပ် လုပ်ငန်းတွင် အစုစပ် လုပ်ကိုင်ခြင်းမှ အကျိုးခံစားခွင့်များကို ခံစားစေခွင့်ရသော အရွယ်၏ မရောက်သေးသူတစ်ဦး သည် အရွယ်ရောက် လာ၍ အစုဝင်တစ်ဦး ဖြစ်လာရန် သို့မဟုတ် မဖြစ်ရန်

ရွေးချယ်သည့် အခါနှင့် အစုစပ်လုပ်ငန်းသည် မှတ်ပုံတင် အစုစပ် လုပ်ငန်း ဖြစ်သည့်အခါ ထိုသူ သို့မဟုတ် ဤကိစ္စအလို့ငှာ အထူး အားဖြင့် အာဏာ အပ်နှင်းခြင်း ခံရသူ ယင်း၏ ကိုယ်စားလှယ် က အစုဝင် တစ်ဦး ဖြစ်လာခဲ့ကြောင်း သို့မဟုတ် မဖြစ်ခဲ့ကြောင်းကို မှတ်ပုံတင် အရာရှိထံ နို့တစ်စာဖြင့် အကြောင်း ကြားနိုင်သည့်အပြင် မှတ်ပုံတင် အရာရှိက နို့တစ်စာကို ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်း ထားသည့် နည်းလမ်း အတိုင်း ပြုလုပ်ဆောင်ရွက်ရမည်။

၆၅။ (၁) မှတ်ပုံတင် အရာရှိသည် အစုစပ် လုပ်ငန်းနှင့်စပ်လျဉ်းသည့် အစုစပ် လုပ်ငန်း မှတ်ပုံတင်စာရင်းတွင် ရေးသွင်းချက်ကို ဤအခန်းအရ စာတွဲထားသည့် ယင်းအစုစပ်လုပ်ငန်းနှင့်သက်ဆိုင် သည့် စာချုပ်စာတမ်း များနှင့်အညီ ဖြစ်စေရန် မည်သည့်အမှား အယွင်း ကိုမဆို အချိန်မရွေး ပြင်ဆင်ရန်အာဏာရှိသည်။

(၂) ဤအခန်းအရ စာတွဲထားသည့် အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်း သည့် စာရွက်စာတမ်း တစ်ခုခုကို လက်မှတ်ရေး ထိုးသူအားလုံး က လျှောက်ထားသည့်အခါ မှတ်ပုံတင်အရာရှိသည် ယင်းစာချုပ် တွင်ဖြစ်စေ၊အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းတွင် ရေးသားထား သည့် အကြောင်းအရာ သို့မဟုတ် မှတ်သားချက်တွင် ဖြစ်စေ မည်သည့် အမှားအယွင်းကိုမဆို ပြင်ဆင်နိုင်သည်။

၆၆။ မှတ်ပုံတင် အစုစပ် လုပ်ငန်းနှင့် စပ်လျဉ်းသည့် အကြောင်းကိစ္စ တစ်ခုခုကို စီရင် ဆုံးဖြတ်သည့် တရားရုံးသည် ယင်းစီရင် ဆုံးဖြတ်ချက်၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် ပြင်ဆင်ချက် တစ်ခုခုကို အဆိုပါ အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်းသည့် အစုစပ် လုပ်ငန်း မှတ်ပုံတင်စာရင်းတွင် ရေးသွင်းချက်၌ မှတ်ပုံတင် အရာရှိက ပြုလုပ်ရမည်ဟု ညွှန်ကြားနိုင်သည်။မှတ်ပုံတင်အရာရှိသည် ရေးသွင်းချက်ကို ညွှန်ကြားသည့်အတိုင်း ပြင်ဆင် ရမည်။

၆၇။ (၁) အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းကို သတ်မှတ်ထားသည့် အခကြေးငွေ ပေးလျှင် မည်သူကိုမဆို ကြည့်ရှုစစ်ဆေးလိုက ကြည့်ရှုစစ် ဆေးခွင့်ပြုရမည်။

(၂) ဤအခန်းအရ စာတွဲထားသည့် ဖော်ပြချက် နို့တစ်စာနှင့် ကြိုတင် အသိပေးစာ အားလုံးကို သတ်မှတ်ထား သည့် အခကြေးငွေကို ပေးလျှင် ကြည့်ရှုစစ်ဆေးလိုက ကြည့်ရှုစစ်ဆေးခွင့်ပြုရမည်။

၆၈။ မှတ်ပုံတင်အရာရှိသည် လျှောက်တောင်းသူ တစ်ဦးဦးအား သတ်မှတ် ထားသည့် အခကြေးငွေ ပေးဆောင်သည့် အခါမှတ်ပုံတင်စာရင်းတွင် အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်းသည့် ရေးသွင်းချက်တစ်ခုခု သို့မဟုတ် ယင်းအစိတ် အပိုင်း မိတ္တူမှန် ကြောင်း ကိုယ်တိုင်သက်သေခံလက်မှတ် ရေးထိုး၍ ပေးအပ်ရမည်။

၆၉။(၁) အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းတွင် မှတ်သားထားသည့် ဖော်ပြချက်၊ အသိပေးစာ သို့မဟုတ်နို့တစ်စာ တစ်ခုခုသည် အဆိုပါ ဖော်ပြချက် သို့မဟုတ် အသိပေးစာ သို့မဟုတ် နို့တစ်စာ တစ်ခုခုကို လက်မှတ်ရေးထိုး သူအပေါ်တွင်ဖြစ်စေ၊ ယင်း၏ကိုယ်စား လက်မှတ် ရေးထိုးခြင်း ခံရသူ အပေါ်တွင်ဖြစ်စေ အဆိုပါဖော်ပြချက် သို့မဟုတ် အသိပေးစာ သို့မဟုတ် နို့တစ်စာတွင် ဖော်ပြသည့် အကြောင်းအရာတစ်ခုခု၏ အပြီးအပြတ် သက်သေခံ ဖြစ်စေရမည်။

(၂) အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းတွင် အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်းသည့် ရေးသွင်းချက်၏ မှန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးသည့်မိတ္တူကို ယင်း အစုစပ်လုပ်ငန်း မှတ်ပုံတင် ထားခြင်းနှင့် မှတ်ပုံတင်စာရင်းတွင် မှတ်သားထားသည့် ဖော်ပြချက် သို့မဟုတ် အသိပေးစာ သို့မဟုတ် နို့တစ် စာပါ အကြောင်း အရာများနှင့် သက်ဆိုင်သည့် အကြောင်းအရာကို ထင်ရှား ပြသရာတွင် သက်သေခံအဖြစ် တင်ပြနိုင်သည်။

၇၀။(၁) ပဋိညာဉ် တစ်ခုမှ ဖြစ်ပေါ်လာသည့် သို့မဟုတ် ဤအက်ဥပဒေအရ ပေးအပ်သည့် အခွင့်အရေး တစ်စုံတစ်ရာကို အတည်ပြုရန် မည်သည့် တရားမမှုကိုမျှ အစုစပ်လုပ်ငန်းတွင် အစုဝင်အဖြစ် တရားစွဲဆိုသူက ဖြစ်စေ၊

ယင်းကိုယ်စားဖြစ်စေ အစုစပ်လုပ်ငန်းကို မှတ်ပုံတင်မထားသည့်အပြင်တရားစွဲဆိုသည့်မှာလည်း ယင်းအစုစပ် လုပ်ငန်းတွင် အစုစပ် လုပ်ကိုင်သူတစ်ဦးအဖြစ်ဖြင့် အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းတွင် ဖော်ပြမထားလျှင် အစုစပ်လုပ်ငန်းအပေါ်၌ သော်လည်းကောင်း၊ယင်းအစုစပ် လုပ်ငန်းတွင် အစုစပ် လုပ်ကိုင်သူ တစ်ဦး ဖြစ်ကြောင်း သို့မဟုတ် ဖြစ်ခဲ့ကြောင်း အဆိုရှိသူတစ်ဦး အပေါ်၌သော်လည်းကောင်းတရားရုံး တစ်ခုခုတွင် တရားစွဲဆိုခြင်း မပြုရ။

(၂) ပဋိညာဉ် တစ်စုံတစ်ရာမှ ဖြစ်ပေါ်လာသည့် အခွင့်အရေး တစ်စုံတစ်ရာကို အတည်ပြုရန် မည်သည့်တရားမမှုကိုမျှ အစုစပ် လုပ်ငန်းက ဖြစ်စေ၊ ယင်း၏ကိုယ်စား ဖြစ်စေ အစုစပ်လုပ်ငန်းကို မှတ်ပုံတင်မထားသည့်အပြင် တရားစွဲဆိုသူများ မှာလည်း ယင်း အစုစပ်လုပ်ငန်းတွင် အစုဝင်များအဖြစ် အစုစပ်လုပ်ငန်း မှတ်ပုံတင် စာရင်းတွင် ဖော်ပြမထားလျှင် တစ်ပါးသူ တစ်ဦးအပေါ်၌ တရားရုံး တစ်ခုခုတွင် တရားစွဲဆိုခြင်း မပြုရ။

(၃) ပုဒ်မခွဲ (၁) နှင့် (၂) ပါ ပြဋ္ဌာန်းချက်များသည် ခုနှိမ်ရန် တောင်းဆိုချက် သို့မဟုတ် ပဋိညာဉ်မှ ဖြစ်ပေါ်လာသည့် အခွင့်အရေး တစ်စုံတစ်ရာကို အတည်ပြုရန် ဖြစ်သည့် အခြားအမှု အခင်းများနှင့်လည်း သက်ဆိုင်စေ ရမည်။ သို့ရာတွင်-

(က) အစုစပ်လုပ်ငန်း ဖျက်သိမ်းခြင်းအတွက် သို့မဟုတ် ဖျက်သိမ်း ပြီး အစုစပ်လုပ်ငန်းစာရင်းများ ပေးရန်အတွက် တရားစွဲဆို ပိုင်ခွင့်ကို သော်လည်းကောင်း၊ ဖျက်သိမ်းပြီး အစုစပ်လုပ်ငန်း ၏ ပစ္စည်းများ ရယူရန် အခွင့်အရေး သို့မဟုတ် အာဏာကို လည်းကောင်း အတည်ပြုခြင်း၊ သို့မဟုတ်

( ခ ) ရန်ကုန်မြို့တော် လူမွဲအဖြစ် ခံယူမှု အက်ဥပဒေ သို့မဟုတ် မြန်မာနိုင်ငံ လူမွဲအဖြစ် ခံယူမှု အက်ဥပဒေအရ လူမွဲအဖြစ် ခံယူသည့် အစုဝင်၏ ပစ္စည်းများရယူရန် ပစ္စည်းထိန်းဝန်၊ ပစ္စည်း ထိန်း သို့မဟုတ် တရားရုံး၏ အာဏာများကို မထိခိုက်စေရ။

(၄) ဤပုဒ်မမှာ-

(က) **ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်** ၌ လုပ်ငန်း တည်နေရာ ဌာန မရှိသည့် သို့မဟုတ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်တွင် ရှိသည့် လုပ်ငန်းတည်ရာ ဌာနများမှာ **ပုဒ်မ ၅၇** အရ အမိန့် ကြော်ငြာ စာဖြင့် ဤအခန်းနှင့် မသက်ဆိုင်သည့် အရပ်ဒေသများတွင် တည်ရှိသည့် အစုစပ်လုပ်ငန်းများ သို့မဟုတ် အစုစပ်လုပ်ငန်းတွင် အစုဝင်များ သို့မဟုတ်

( ခ ) မြန်မာနိုင်ငံ **စမော်ကော်တရားရုံး အက်ဥပဒေ** ဒုတိယ ဇယားတွင် သီးခြား ဖော်ပြထားသည့် အမျိုးအစား မဟုတ် သော **တန်ဖိုးငွေ ကျပ် သိန်း ၁၀၀ ထက်** မပိုသည့် တရားမမှု တစ်ခုခုနှင့် သော် လည်းကောင်း၊ ခုနှိမ်ရန် တောင်းဆိုချက် တစ်ခုခုနှင့် သော်လည်းကောင်း၊ ဇာရီမှု တစ်ခုခုနှင့်သော် လည်းကောင်း၊ အဆိုပါ တရားမမှု သို့မဟုတ် ခုနှိမ်ရန် တောင်းဆိုချက် တစ်ခုခုမှ ဖြစ်ပေါ်လာသည့် အခြား အမှုနှင့် သော်လည်းကောင်း မသက် ဆိုင်စေရ။

၇၁။ မည်သူမဆို မမှန်မကန်ကြောင်း သိရှိသည့် သို့မဟုတ် မှန်ကန်သည်ဟု မယုံကြည်သောအကြောင်းအရာများ ပါရှိသည့်သို့မဟုတ်မပြည့်စုံကြောင်း သိရှိသည့် သို့မဟုတ် ပြည့်စုံသည်ဟု မယုံကြည်သော အကြောင်း အရာ များ ပါရှိသည့် ဤအခန်းအရ ဖော်ပြချက် သို့မဟုတ် ပြင်ဆင်ထားသော ဖော်ပြချက် သို့မဟုတ် နို့တစ်စာ သို့မဟုတ် ကြိုတင် အသိပေးစာကို လက်မှတ်ရေးထိုးလျှင် ထိုသူအား သုံးလအထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ စီရင်ရမည်။

၇၂။ (၁) **ပြည်ထောင်စုဝန်ကြီး** သည် အစုစပ်လုပ်ငန်းဆိုင်ရာမှတ်ပုံတင် အရာရှိ ထံ ပေးပို့သည့် စာချုပ်စာတမ်းများနှင့်အတူ ပါရှိရမည့် သို့မဟုတ် အစုစပ် လုပ်ငန်းဆိုင်ရာ မှတ်ပုံတင်အရာရှိ ထိန်းသိမ်း ထားသည့်

စာချုပ်စာတမ်း များကို ကြည့်ရှုစစ်ဆေးရန် အတွက်ပေး ရမည့် သို့မဟုတ် အစုစပ်လုပ်ငန်း မှတ်ပုံတင်စာရင်းမှ မိတ္တူများအတွက် ပေးရမည့် အခကြေးငွေများကို သတ်မှတ်ရန် နည်းဥပဒေများကို ပြုလုပ်နိုင်သည်။

သို့ရာတွင် အဆိုပါ အခကြေးငွေများမှာ ဇယားတွင်သီးခြား ဖော်ပြသည့် အများဆုံး အခကြေးငွေထက်မပိုစေရ။

(၂) **ပြည်ထောင်စုဝန်ကြီး** သည်-

(က) **ပုဒ်မ ၅၉** အရ တင်သွင်းသည့် ဖော်ပြချက်ပုံစံနှင့် ယင်း ဖော်ပြချက်ကို မှန်ကြောင်း ဝန်ခံသည့် နည်းလမ်း သတ်မှတ်ရန်၊

( ခ ) **ပုဒ်မ ၆၁၊ ၆၂၊ ၆၃ နှင့် ၆၄** အရ ဖော်ပြချက်များ သို့မဟုတ် အသိပေးစာများ သို့မဟုတ် နို့တစ်စာများ သတ်မှတ် ထားသည့် ပုံစံအတိုင်း ဖြစ်စေရန်နှင့် ယင်းတို့၏ ပုံစံများကို သတ်မှတ်ရန်၊

( ဂ ) အစုစပ်လုပ်ငန်းများ၏ မှတ်ပုံတင်စာရင်းပုံစံ၊ အစုစပ်လုပ်ငန်း များ နှင့် စပ်လျဉ်းသည့် ရေးသွင်းချက်များကို ယင်းစာရင်း တွင် ရေးသွင်းရန် နည်းလမ်းနှင့် အဆိုပါ ရေးသွင်းချက်များ ပြင်ဆင်ရန် သို့မဟုတ် အဆိုပါ ရေးသွင်းချက်များတွင် မှတ်သားချက်များ ပြုလုပ်ရန် နည်းလမ်း သတ်မှတ်ရန်၊

(ဃ) အငြင်းပွားမှုများ ဖြစ်ပေါ်လာသည့်အခါ မှတ်ပုံတင် အရာရှိ ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်း သတ်မှတ်ရန်၊

( င ) မှတ်ပုံတင် အရာရှိက လက်ခံ ရရှိသည့် စာချုပ်စာတမ်းများကို စာတွဲခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ရန်၊

( စ ) မူရင်း စာချုပ်စာတမ်းများကို ကြည့်ရှု စစ်ဆေးရန်အတွက် စည်းကမ်းချက်များ သတ်မှတ်ရန်၊

(ဆ) မိတ္တူများ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ရန်၊

( ဇ ) မှတ်ပုံတင်စာရင်းများနှင့် စာချုပ်စာတမ်းများ ဖယ်ရှား ထုတ်ပယ် ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ရန်၊

(ဈ) အစုစပ်လုပ်ငန်းများ မှတ်ပုံတင်စာရင်းတွင် အညွှန်း မာတိကာ ပုံစံနှင့် ထိန်းသိမ်းနည်း ပြဋ္ဌာန်းရန်၊ ထို့ပြင်

(ည) ယေဘုယျအားဖြင့် ဤအခန်းပါ ကိစ္စများ ဆောင်ရွက်ရန် နည်းဥပဒေများကို ပြုလုပ်နိုင်သည်။

(၃) ဤပုဒ်မအရ ပြုလုပ်သည့် နည်းဥပဒေများ အားလုံးသည် ထုတ်ပြန် ကြေညာပြီးသည့် စည်းကမ်းချက်များကို အထောက် အထား ပြုရမည်။

အခန်း (၈)

**အများပြည်သူသိရှိစေရန် နို့တစ်စာချအပ်ခြင်း နည်းလမ်း**

၇၃။ ယခုဥပဒေအရ အများပြည်သူများသိရှိနိုင်ရန် ကြေငြာချက်ထုတ်ပြန်ရာ တွင် မှတ်ပုံတင်သောလုပ်ငန်း တစ်ရပ်တွင် အစုဝင်တစ်ဦးအနားပေးရန် အတွက် ထုတ်ပယ်ခြင်းနှင့်သက်ဆိုင်ခြင်း သို့မဟုတ် မှတ်ပုံတင် လုပ်ငန်း တစ်ရပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် အရွယ်မရောက်သေးသူ အား အစုစပ်လုပ်ငန်း၏ အကျိုးအမြတ် ခံစားနိုင်ရန် လက်ခံထားရာမှ အရွယ် ရောက်လာသည့်အခါ အစုဝင်အဖြစ် လက်ခံရန်သို့မဟုတ် လက်မခံရန် ရွေးချယ်ခြင်းတို့ကို မှတ်ပုံတင် အရာရှိထံ **ပုဒ်မ ၆၄** အရ နို့တစ်စာ ပေးရာတွင် မြန်မာနိုင်ငံပြန်တမ်းနှင့် နေ့စဉ်ထုတ် သတင်းစာ၌ ကြော်ငြာ ထည့်သွင်း၍ လုပ်ငန်း တည်ရှိရာနေရာ သို့မဟုတ် အဓိက စီးပွားရေး လုပ်ငန်း အဓိက ဆောင်ရွက်သည့် နေရာတို့ကို ထည့်သွင်းဖော်ပြရမည်။

၇၄။ ဤဥပဒေတွင် ဖြစ်စေ၊ ယင်းဥပဒေအရ ပြုလုပ်သည့် ရုပ်သိမ်းခြင်း တစ်ရပ်ရပ် တွင် ဖြစ်စေ မည်သည့်အချက်ကမျှ-

(က)၁၉၃၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ မတိုင်မီ ရယူပြီး ဖြစ်သည့် သို့မဟုတ် ဖြစ်ပေါ်ပြီး ဖြစ်သည့် သို့မဟုတ် ခံယူပြီး ဖြစ်သည့်အခွင့်အရေး၊ ပိုင်ဆိုင်ခွင့်၊ အကျိုးသက်ဆိုင်ခွင့် ဝတ္တရား သို့မဟုတ်တာဝန်တစ်ခုခု၊ သို့မဟုတ်

(ခ) အဆိုပါ နေ့ရက် မတိုင်မီ အဆိုပါ အခွင့်အရေး၊ ပိုင်ဆိုင်ခွင့်၊ အကျိုး သက်ဆိုင်ခွင့်၊ ဝတ္တရား သို့မဟုတ် တာဝန်နှင့် ဖြစ်စေ ပြုလုပ်သည့် သို့မဟုတ် ထိခိုက်သည့် ပြုလုပ်မှုတစ်ခုခုနှင့် ဖြစ်စေ စပ်လျဉ်းသည့် တရားစွဲဆိုမှု သို့မဟုတ် တရားဥပဒေအရ သက်သာခွင့်တစ်ခုခု၊ သို့မဟုတ်

(ဂ) အဆိုပါ နေ့ရက် မတိုင်မီ ပြုလုပ်သည့် သို့မဟုတ် ထိခိုက်သည့် ပြုလုပ်မှု တစ်ခုခု၊ သို့မဟုတ်

(ဃ)အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်းသည့် လူမွဲအဖြစ်ခံယူသည့် နည်းဥပဒေ တစ်ခုခုနှင့် ဖြစ်စေ၊ သို့မဟုတ်

(င) ဤဥပဒေနှင့်ညီညွတ်ခြင်းမရှိသော ဥပဒေမူသဘော တစ်ရပ်ရပ် နှင့် ဖြစ်စေမသက်ဆိုင်စေရ သို့မဟုတ် သက်ဆိုင်သည်ဟု မမှတ်ယူရ။

အခန်း (၉)

အထွေထွေ

၇၅။စည်းမျဉ်းများ၊ နည်းဥပဒေများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက် များကို ထုတ်ဝေနိုင်သည့် အခွင့်အာဏာ

(က) ဤဥပဒေအရဖြစ်စေ၊ အခြားသော သက်ဆိုင်ရာ ဥပဒေအရဖြစ်စေ ရရှိထား သည့် အခွင့်အာဏာ သို့မဟုတ် ယင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ -

(၁) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သ ဘောတူညီချက်ဖြင့် ဤဥပဒေအား အကောင်အထည် ဖော်ခြင်း၊ စီမံခန့်ခွဲခြင်း နှင့် အတည်ပြု ဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက် နိုင်စေရန်အတွက် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်း များကို ထုတ်ပြန် နိုင်သည်။ ၎င်းအပြင်

(၂) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအား အကောင်အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အတည်ပြု ဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာဆောင်ရွက်နိုင်သော အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ *ညွှန်ကြားချက်များ၊* လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်း များ၊ ဇယားများနှင့် ပုံစံများကို ထုတ်ပြန် နိုင်သည်။

(၃) အပိုဒ်ခွဲငယ်(၁)နှင့်(၂) တို့အရ ဆောင်ရွက်ရာတွင်သက်ဆိုင်ရာ ပုဂ္ဂလိက စီးပွားရေးအသင်းအဖွဲ့များ၏ အကြံပြုတင်ပြချက် များကို ကြိုတင်ရယူနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပြုလုပ်သည့် စည်းမျဉ်း၊ နည်းဥပဒေ၊ အမိန့်၊ အမိန့် ကြော်ငြာစာ သို့မဟုတ် ညွှန်ကြားချက် အားလုံးကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်း ဖော်ပြရမည်ဖြစ်ပြီး ထိုသို့ ဖော်ပြပြီးသည့်အခါ ဤဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းပြီးဖြစ် သကဲ့သို့ အကျိုးသက်ရောက်စေရမည်။